မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည်အတုမရှိ ထူးကဲလွန်မြတ်၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၁)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်
၂၀၂၅ ခုနှစ်၊ မေ ၉ ရက်၊ သောကြာနေ့


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်စဉ်။

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညပိုင်းတွင် ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်မှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်သည်။ **စာမျက်နှာ ၆ ကော်လံ ၃ ➢**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၉ ရက်)

# မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်၏ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန် မေလ ၇ ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်တပ်မတော်လေဆိပ်မှ ထွက်ခွာသည်။ ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် မော်စကိုမြို့ရှိ ဘနူကာဘာအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Andrey Rudenko နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထိုသို့ကြိုဆိုနှုတ်ဆက်ရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့မှလည်း လျှောက်လမ်း၏ဘေးတစ်ဖက်တစ်ချက်စီတွင် ခြံရံ၍ နိုင်ငံတော်အဆင့်ကြိုဆိုခဲ့ကြသည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့ တက်ရောက်ခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှသည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ဥက္ကဋ္ဌ Ms. Anna Nesterova တို့နှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်သွားမည်ဖြစ်သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပသည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲသည် ဒုတိယကမ္ဘာစစ်တွင် မဟာမိတ်တပ်ဖွဲ့များ၏အောင်ပွဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်က ဖက်ဆစ်ဂျပန်တော်လှန်ရေးစတင်ဆင်နွှဲခဲ့ပြီး နောက်ဆုံးတွင် မြန်မာ့တပ်မတော်ကအောင်ပွဲရသကဲ့သို့ အနေအထားမျိုးဖြစ်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ယခင်က ဆိုဗီယက်ပြည်ထောင်စုကြီးအဖြစ်ရှိခဲ့သည်။ နှစ်စဉ် မေလ ၉ ရက်မှာ ဆိုဗီယက်ပြည်ထောင်စု၏ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီနှင့် ဥရောပအဆွယ်အပွားများကိုချေမှုန်းနိုင်ခဲ့သည့် စစ်ပွဲကြီးမှာ လူသားမျိုးနွယ်စုတစ်ခုလုံးကို ခြိမ်းခြောက်လာသည့် ရန်သူများကိုတိုက်ခိုက်ခြင်းဖြစ်သည်။

နှစ်ကာလမည်မျှပင်ကြာမြင့်သော်လည်း မေလ ၉ ရက်မှာ ရုရှားပြည်သူများအတွက် အောင်မြင်မှု၊ အမှန်တရားအတိုင်း အောင်နိုင်မှုနှင့် ခံနိုင်ရည် ဖွဲ့၊ လုံ့လတို့ကိုဖော်ကျူးသည့် အရေးကြီးဆုံးနှင့်တန်ဖိုးအရှိဆုံးနေ့ရက်တစ်ရက်ဖြစ်သည်။ ရုရှားတို့အနေဖြင့် ဝင်ရိုးတန်းတပ်ဖွဲ့များဖြစ်သည့် နာဇီဂျာမနီ၊ ဖက်ဆစ်အီတလီနှင့် ဂျပန်အင်ပါယာတို့ကို တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သည့် မဟာမိတ်တပ်မတော်များ၊ ခုခံတိုက်ခိုက်ရေးသမားများ၊ တရုတ်နိုင်ငံမှစစ်သည်များနှင့် ထောက်ခံသူအားလုံးကို လေးစားဂုဏ်ယူလျက်ရှိသည်။ ထိုကဲ့သို့ စုပေါင်းဆောင်ရွက်မှုအင်အားကြောင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်တွင် ဒုတိယကမ္ဘာစစ်ကြီးကို အဆုံးသတ်စေခဲ့သည်။ ရုရှားတို့၏မဟာအောင်ပွဲကြီးမှာ အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုကို ကြီးမားစွာမြှင့်တင်နိုင်ခဲ့ပြီး နယ်ချဲ့ကိုလိုနီအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းစဉ်ကိုလည်း စတင်လုပ်ဆောင်နိုင်စေခဲ့သည်။ အနိုင်မခံ အရှုံးမပေးသော အောင်နိုင်သူများ ဂုဏ်ယူဝင့်ကြွားနိုင်သည်။

ထိုစဉ်က ဥရောပစစ်မြေပြင်တွင် ဆိုဗီယက်တပ်တော်ကြီး၏ စစ်ရေးအောင်မြင်မှုများက ဝင်ရိုးတန်းအင်အားစုနိုင်ငံများကို ချည့်နဲ့စေပြီး ၁၉၄၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်(ဖဆပလ)တည်ထောင်မှုအတွက် အုတ်မြစ်ချစေနိုင်ခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လတွင် ဗမာ့အမျိုးသားတပ်မတော်ဦးဆောင်သည့် လူထုအုံကြွတော်လှန်မှုကြီးဖြင့် မြန်မာနိုင်ငံအတွင်းမှ ဂျပန်တပ်ဖွဲ့များကို ထွက်ခွာသွားစေခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုမှ လွတ်လပ်သောနိုင်ငံအဖြစ်ကြေညာနိုင်ခဲ့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏မဟာမျိုးချစ်စစ်ပွဲကြီး အနှစ်(၈၀)ပြည့်အောင်ပွဲသည် မတ်လ ၂၇ ရက်တွင် ကျင်းပခဲ့သော မြန်မာ့တပ်မတော် အနှစ်(၈၀)ပြည့်တပ်မတော်နေ့နှင့်ဆက်စပ်မှုရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ မတ်လအတွင်းသွားရောက်ခဲ့သည့် နိုင်ငံတော်အဆင့်တရားဝင်ချစ်ကြည်ရေးခရီးစဉ်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင်က ယခုအခမ်းအနားသို့တက်ရောက်ရန်ဖိတ်ကြားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အခမ်းအနားသို့ တက်ရောက်ခြင်းဖြစ်ပေရာ နိုင်ငံတော်အတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဟုယုံကြည်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## ဟိုပုံးမြို့နယ်၌ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အသိပညာပေးဟောပြော

ဟိုပုံး မေ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မေလ ၇ ရက် နံနက်ပိုင်းတွင် တောင်ရပ်ကွက်ရှိ အတုလမာရ်အောင်ဘုန်းတော်ကြီးကျောင်း၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြောခြင်းဆောင်ရွက်သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေများ ပြောကြားရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကိုကိုလင်းက ရပ်ရွာများတွင် နေထိုင်ကြသည့် လူငယ်များ၏ အနာဂတ်ကောင်းမွန်စေရေး၊ လွဲမှားသည့်အယူဝါဒများမဖြစ်ပေါ်စေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေမှုများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ မူးယစ်ဆေးဝါး အန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လယ်ယာမြေဆိုင်ရာကိစ္စရပ်များ၊ လမ်းလုပ်ငန်းနှင့်ပတ်သက်သည့် အကြောင်းအရာများ စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်းအရာများပါဝင်သည့် လက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။ (၄၀၅)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့်ပါဠိပထမပြန်စာမေးပွဲများ ပြန်လည်ကျင်းပမည်

နေပြည်တော် မေ ၈

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ခေတ္တရွှေ့ဆိုင်းထားရသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ဇွန်လ ၂ ရက်မှ ၆ ရက်အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိလည်းကောင်း ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

၂၀၂၅ ခုနှစ်၊ မေလ ( ၈ )ရက်

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၇)ရက် (၂-၆-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ပ-နေ့) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၈)ရက် (၃-၆-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (ဒု-နေ့) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၉)ရက် (၄-၆-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊<br>သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၀)ရက် (၅-၆-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ပနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၁)ရက် (၆-၆-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး(ဒုနေ့)**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊သုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**ညွှန်ကြားရေးမှူးချုပ်**
**သာသနာရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

၂၀၂၅ ခုနှစ်၊ မေလ ( ၈ ) ရက်

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကိုအောက်ပါအချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၉)ရက်(၄-၆-၂၀၂၅)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/သုကုမာရမဂ္ဂဒီပနီ ဘိက္ခုပါတိမောက်ဘာသာ/ဓမ္မပဒ ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>။ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၀)ရက်(၅-၆-၂၀၂၅)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>။<br>။<br>။ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်(၆-၆-၂၀၂၅)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>။<br>။<br>။ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၂)ရက်(၇-၆-၂၀၂၅)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့်ဓာတု ကထာဘာသာ<br>အဘိဓာန်၊အလင်္ကာ၊ဆန်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၃)ရက်(၈-၆-၂၀၂၅)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်(၉-၆-၂၀၂၅)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၇ ခုနှစ်၊ နယုန်လပြည့် (၁၀-၆-၂၀၂၅)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

**မှတ်ချက်။** လူနှင့်သီလရှင်များသည် (၄-၆-၂၀၂၅)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ) တို့ကို ဖြေဆိုကြရန်ဖြစ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**သာသနာရေးဦးစီးဌာန**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၈

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးခြင်းနှင့်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးရှိကြောင်း၊ နေပြည်တော်တွင် ၃၄ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၂ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၂ ဦး၊ ကချင်ပြည်နယ်တွင် သုံးဦးဖြစ်ကြောင်း၊ မိမိတို့ ဝန်ထမ်းသားသမီးများအားလုံး ရာနှုန်းပြည့် ပြန်လည်ဖြေဆိုကြရန်နှင့်အောင်ချက်မြင့်မားရေးအတွက် မိဘများနှင့်ဌာနအကြီးအကဲများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၁၂၁ ဦးကို တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

အနာဂတ်မျိုးဆက်သစ်များ၏ ပညာအရည်အသွေး တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တတ်စွမ်းသရွေ့ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ယခုပြန်လည်ဖြေဆိုရမည်ကို အထူးအခွင့်အရေးတစ်ရပ်အနေဖြင့် သဘောထားပြီး အဆင့်မြင့်မြင့်အောင်မြင်မှုရှိစေရန်အတွက် အားသွန်ခွန်စိုက်ကြိုးစား၍ ပြန်လည်ဖြေဆိုကြရန်နှင့်ထူးချွန်ထက်မြက်ပြီး နိုင်ငံတော်မှအားကိုးအားထားပြုရသည့် မောင်မယ်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များရှိစက်မှုဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာဦးစီးလုပ်ငန်းများမှတစ်ဆင့် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအနက် နေပြည်တော်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

မြဝတီ

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့နောက် 'ဂျုံး၊ ဂျွမ်း၊ ဂျွင်း' မြည်သော ပြဿနာကို ဆက်လက်စဉ်းစားကြရာ ဤသည်မှာမူ ၎င်းအရပ်၌ တောဆင်ရိုင်းများရှိ၍ ဝါးရုံပင်များကို ချိုးဖွဲ့စားသောက်သွားကြခြင်းဖြစ်လိမ့်မည်ဟု ကိုဘသင်းကပင်ပြောရာ ကျွန်ုပ်တို့လည်း ဘာမျှအကြံမပေးနိုင်ဘဲ လက်ခံလိုက်ကြရလေ၏။ နံနက်လင်းသောအခါ ပတ်ဝန်းကျင်အရပ်ကို စုံစမ်းကြည့်ရှုကြရာတွင် ဆင်ခြေရာများလည်း မတွေ့ရ၊ လူခြေရာများလည်း မတွေ့ရ၊ သရဲဆိုသည်မှာမူ ခြေရာမထင်စကောင်းဟု နားလည်ကြသည်နှင့် ဤပြဿနာနှစ်ခုစလုံးမှာ နာနာဘာဝတို့၏ လက်ချက်ပေလောဟူသော တွေးတောချက်ဖြင့်သာ လက်စသိမ်းခဲ့ရပါတော့သည်။

(စုန်း၊ ကဝေ၊ တစ္ဆေ သရဲများနှင့် ပတ်သက်သောဝတ္ထုများမှာ ယခုတစ်လောတွင် အလင်္ကာဟာသများအနေဖြင့် ရှုတ်ချကဲ့ရဲ့လျက်ရှိကြရာ ကျွန်ုပ်သည် ကိုယ်တွေ့ကို အမှန်အတိုင်းရေးပြသည်၌ပင် ခပ်တွန့်တွန့်ရှိပါ၏။ တစ္ဆေကြောက်တတ်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ် ခဏခဏပြောင်းလဲရခြင်းတွင် သီလ၊ သမာဓိတို့၏ သတ္တိကို ထင်ရှားစေလိုသောကြောင့်မျှသာ ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါ၏။ သို့ရာတွင် တစ္ဆေသရဲ မရှိ၊ ကြောက်စရာမဟုတ်ဟူသောသဘောနှင့် ရှုတ်ချကြခြင်းဖြစ်ပါမူ ထိုသူတို့သည် တစ္ဆေခြောက်တတ်သည်ဟု နာမည်ကြီးသော နေရာမျိုး၌ တစ်ယောက်တည်း အိပ်ပြဝံ့သည်ဟု ပြောရဲသော သတ္တိရှိသင့်၏။ တစ္ဆေဝတ္ထုများမှာ အပေါစား စာရေးဆရာများ၏ စားကျက်ဖြစ်သော်လည်း အဆင့်အတန်းနိမ့်ကျသေးသည့် စာဖတ်ပရိသတ်ပေါများနေသေးသမျှကာလပတ်လုံး မည်သူကရှုတ်ချစေကာမူ ရေးသူကရေး၍ ရိုက်နှိပ်ထုတ်ဝေသူများလည်း ရှိကြလိမ့်မည်သာဖြစ်လေသည်။ ကျွန်ုပ်၏တင်ပြချက်မှာ ၎င်းဝတ္ထုမျိုးသည် ကာမဝတ္ထုများလောက် ဆိုးရွားသော အကျိုးဖြစ်စေနိုင်သည် မထင်ပေ။)

**ရန်ကုန်သို့ ဆင်းရပြန်ခြင်း**

၁၉၂၉ ခုနှစ်တွင် ကျွန်ုပ်တို့လင်မယားသည် မန်ကျည်းတုံသို့ ပြန်လာ၍ မိဘများနှင့်အတူ နေထိုင်ကြပြန်၏။ ထိုအတောအတွင်း၌ ရန်ကုန်မြို့တွင် ဂျာနယ်နှင့် မဂ္ဂဇင်းများသည် တဖြုတ်ဖြုတ်ပြုတ်ကြ၍ အသစ်များလည်း တဖွားဖွားပေါ်ထွက်လျက်ရှိ၏။ အဟောင်းတစ်ခုပြုတ်သွားသည်ဆိုလျှင် ကျွန်ုပ်အဖို့ ဝင်ငွေ ၃၀ ကျပ်၊ ၅၀ ကျပ်ခန့် ယုတ်လျော့သွားလေရာ အသစ်ပေါ်ထွက်လာသော ဂျာနယ်၊ မဂ္ဂဇင်းများကမူ ကျွန်ုပ်ဘယ်ဆီရောက်နေသည် မသိကြသောကြောင့် ဆက်သွယ်ရန် မဖြစ်နိုင်ဘဲရှိကြသည်တွင် ကျွန်ုပ်၏ဝင်ငွေမှာ တစ်လထက်တစ်လ ကျဆင်းလျက်ရှိ၏။ စာရေးဆရာအလုပ်တွင် ကျွန်ုပ်ကဲ့သို့သော အဆင့်အတန်းသို့ ရောက်နေသူတစ်ယောက်ကလည်း ဂျာနယ်သစ်၊ မဂ္ဂဇင်းသစ်များတွင် ကျွန်ုပ်ရေးပါရစေဆိုကာ စာတိုစာရှည်ကမ်းလှမ်းမေးမြန်းရန် မဖြစ်နိုင်ချေ။ ထိုနှစ်တွင် သူကြီးဂေဇက် ဦးခင်မောင်၏ မှာထားခြင်းကြောင့် ဝတ္ထုရှည်တစ်ပုဒ်၊ (အမည်ကိုတော့ မမှတ်မိတော့ပါ။) သူရိယတိုက်အတွက် ဝတ္ထုရှည်တစ်ပုဒ် ရေးသားရပါသေး၏။ သို့ရာတွင် ကျွန်ုပ်၏ဝင်ငွေမှာ ၁၀၀ ကျပ်၊ ၁၅၀ ကျပ်မှ ၅၀ ကျပ်မျှသို့ လျော့ဆင်းလာခဲ့လေပြီ။ ရှေ့လျှောက်၍လည်း ထိုထက်လျော့ဆင်းဖို့ အလားအလာရှိသေး၏။ အဘယ်ကြောင့်ဆိုသော် ဂျာနယ်နှင့် မဂ္ဂဇင်းများသည် လတိုင်းပြုတ်လျက်ပင်ရှိသေးသောကြောင့်တည်း။ သို့ဖြစ်ရကား ၁၉၃၀ ပြည့်နှစ် နှစ်ဦးလောက်တွင် ကျွန်ုပ်တို့သည် ရန်ကုန်သို့ ဆင်းလာကြရပြန်တော့သည်။

**"ကျွန်ုပ်သည် နှုတ်ဖြင့်ပြော၍ တစ်ယောက်က လိုက်ရေးစေသော စာရေးနည်း၏ သက်သာခြင်းနှင့် လျင်မြန်ခြင်းကို သိရှိ၍ အကြိမ်ကြိမ်စမ်းသပ်ခဲ့၏။ ကျွန်ုပ်၏ကိုယ်တွေ့မှာ ဘာသာပြန်အလုပ်မျိုးတွင် ဤနည်းသည် အလွန်တရာနေရာကျသော်လည်း ကိုယ့်စိတ်ကူးနှင့်ရေးရသော အလုပ်မျိုးတွင်မူကား ဟန်မကျလှချေ။ ဖြစ်တော့ဖြစ်ပါ၏ . . ."**

**ဘာသာပြန်အသင်းနှင့်ဆက်ခြင်း**

ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း (C.L.S.) ခရစ်ယာန်စာပေအသင်းဥက္ကဋ္ဌက ကျွန်ုပ်အား တွေ့လိုကြောင်း ခေါ်သည်နှင့် သွားရောက်တွေ့ဆုံ၏။ သူက ၎င်းတို့၏ အသင်းတွင် ဘာသာပြန်ဆရာ (စာတော်ပြန်ဟု သူတို့ခေါ်ကြသည်။) လုပ်မည်လောဟုမေးရာ ကျွန်ုပ်မှာ ပုံနှိပ်တိုက်များနှင့် အသေအချာဆက်သွယ်ခြင်း မပြုရသေးသောကြောင့် လုပ်ရလျှင် ကောင်းလေမည်လောဟုဆိုကာ စုံစမ်းကြည့်၏။ သို့ဖြစ်၍ မည်သည့်စာမျိုးကို ဘာသာပြန်ရပါမည်နည်းဟု မေးကြည့်ရာ ခရစ်ယာန်ကျမ်းစာများကို ဘာသာပြန်ဖို့မဟုတ်ကြောင်း၊ မြန်မာစာဖတ်ပရိသတ်အား စာဖတ်ခြင်းအလေ့အကျင့် တိုးတက်စေခြင်းငှာ ဘာသာရေးနှင့်မဆိုင်သည့် စာရိတ္တရေးရာသက်သက် စာအုပ်များနှင့် ဝတ္ထုကောင်းများကို မြန်မာလိုပြန်ဖို့ဖြစ်ကြောင်း ပြောပြ၏။ ကျွန်ုပ်က စမ်းကြည့်လိုကြောင်း ပြောသောအခါ သူကလည်း ကျွန်ုပ်၏ဘာသာပြန်လက်ရာကို စမ်းကြည့်လိုသေးကြောင်း ပြော၏။ နောက်ဆုံး၌ သူက ဝတ္ထုစာအုပ်ကလေးတစ်အုပ်ထုတ်ပေး၍ ဘာသာပြန်ယူခဲ့ဖို့ ရက်ချိန်းပေးပြီးနောက် ခွဲခွာခဲ့ကြလေသည်။ ကျွန်ုပ်သည် စာအုပ်ကလေးကို ၁၀ ရက်လောက်အတွင်းပြီးအောင် ဘာသာပြန်ပြီး သူပေးခဲ့သည့်လိပ်စာအတိုင်း ပဲခူးသို့ ပို့လိုက်၏။ ရက်သတ္တပတ်ခန့်အကြာတွင် သူ့ဆီမှ ပြန်စာရ၍ ရန်ကုန်မြို့ ကရိုလမ်းရှိ မက်သဒစ်ကျောင်းသို့ လာတွေ့ရန် ရက်ချိန်းပေးလိုက်၏။ ကျွန်ုပ်သွား၍ တွေ့သောအခါ လခ ၁၅၀ ကျပ်နှင့် နှစ်ဖက်သဘောတူ လက်ခံခဲ့ပါသည်။ ကျွန်ုပ်၏ အလုပ်မှာ ပဲခူး၌ နေရန်ဖြစ်၍ သူနှင့်အတူ အလုပ်လုပ်ရမည်ဖြစ်လေသည်။ ကျွန်ုပ် ဘာသာပြန်သောဝတ္ထုကလေးမှာ 'ဟန်မောင်ဝတ္ထု'ဟု သူတို့အမည်မှည့်၍ ပုံနှိပ်ထုတ်ဝေရာ သူတို့ မြန်မာ ကရင် ခရစ်ယာန်လောကတွင် အတော်လူကြိုက်များသည်ဟု သိရ၏။ (တစ်နေ့သ၌ ကျွန်ုပ်သည် ဥက္ကဋ္ဌ ဆရာဂျုံးနှင့်အတူ ပဲခူးတွင် သူ၏အိမ်၌ တစ်စားပွဲတည်း အလုပ်လုပ်လျက်ရှိစဉ် ဖိုင်တွဲတစ်ခုကို အမှတ်မဲ့လှန်ကြည့်မိရာ ကျွန်ုပ်၏ ဟန်မောင်ဝတ္ထုဘာသာပြန်ခြင်းနှင့်ပတ်သက်၍ ဘာသာပြန်အဖွဲ့ဝင်ကော်မတီ လူကြီးများ၏ မှတ်ချက်များကို တွေ့လိုက်ရသည်။ လက္ခဏာမှာ ကျွန်ုပ်၏ ဘာသာပြန်ကော်ပီကို ကော်မတီများ၏လက်သို့ တစ်ယောက်စီပို့ကာ ဖတ်ရှုစေပြီး မှတ်ချက်ရေးသားကြသည့်ဖိုင်တွဲဖြစ်ပုံရသည်။)

ကျွန်ုပ်သည် တမင်တကာ ခိုး၍ကြည့်ခြင်း မဟုတ်ရပါ။ သို့သော် ကျွန်ုပ်အကြောင်းမှတ်ချက်များဖြစ်၍ ဆုံးအောင်ဖတ်ကြည့်မိပါသည်။ မှတ်ချက်ရေးသူများအနက်တွင် ကျွန်ုပ်၏ဆရာဟောင်း ဦးထွန်းဖေလည်းပါရှိ၍ ပိုပြီးစိတ်ဝင်စားမိပါသည်။ သို့ရာတွင် ဆရာကြီး ဦးထွန်းဖေကမူ ရွှေဥဒေါင်းဆိုသူသည် သူ၏တပည့်ဖြစ်ဖူးသည်ဟု မမှတ်မိပါ။ မှတ်ချက်များသည် အညံ့မပါ၊ အကောင်းကလေးနှင့် အကောင်းကြီးတို့သာဖြစ်လေရာ တစ်ယောက်သောသူကမူ (Exquisite) ရှာမှရှားအောင် ကောင်းပေသည်ဟု မှတ်ချက်ချထားပေသည်။ ဤအကြောင်းအရာကို ဖော်ပြရခြင်းမှာ ကျွန်ုပ်၏ဘာသာပြန်ပုံနှင့် ပတ်သက်၍ ကြွားလိုသောကြောင့်ဟု မထင်ကြစေလိုပါ။ ဤမှတ်ချက်များကို စောစောစီးစီးက ကျွန်ုပ် မြင်ခွင့်ရလျှင် လခ ၁၅၀ ကျပ်မဟုတ်ဘဲ အနည်းဆုံး ၂၅၀ ကျပ်လောက်တောင်းမည်ဟု စိတ်ကူးဖြစ်သောကြောင့်ဖြစ်ပါသည်။ စင်စစ်မှာ ကျွန်ုပ်သည် ဈေးနှုန်းနှင့်ပတ်သက်၍ စကားဆိုရာတွင် သဘောလွယ်လွန်းသောသူတစ်ယောက် (Bad Businessman) ဖြစ်၍ ကိုယ့်ဘက်က နစ်နာခဲ့ရဖူးခြင်းများလှပြီကို သိကြစေလိုသောကြောင့်မျှသာ ဖြစ်ပါသည်။

**စတုတ္ထကဏ္ဍ**

**[ကိုဖေသိန်းမှ ဦးဖေသိန်းသို့]**

**ပဲခူးသို့ရောက်ခြင်း**

ကျွန်ုပ်တို့သည် ၁၉၃၀ ပြည့်နှစ် မတ်လတွင် ပဲခူးမြို့သို့ ပြောင်းရွှေ့လာခဲ့ကြရာ ယောက်ဖကလေး အောင်မြနှင့် နယူးဘားမားတိုက်၌ တပည့်ဖြစ်ဖူးသည့် မောင်စံလှိုင်တို့လည်း အတူပါလာကြ၏။ (မောင်စံလှိုင်မှာ ကျွန်ုပ်နှင့် သူငယ်ချင်းဟု မခေါ်ဆိုနိုင်သော်လည်း ကျွန်ုပ်အား အခင်မင်ဆုံးသောလူကလေးတစ်ယောက် ဖြစ်လာပါသည်။ ထိုသူမှာ တွံတေး တူးမြောင်း လက်ပံကုန်း အကောက်ရုံးတွင် အရာရှိတစ်ယောက်ဖြစ်လာ၍ ယခုအချိန်၌ ပင်စင်ယူလေပြီလော မပြောတတ်ပေ။) ကျွန်ုပ်သည် နှုတ်ဖြင့်ပြော၍ တစ်ယောက်က လိုက်ရေးစေသော စာရေးနည်း၏ သက်သာခြင်းနှင့် လျင်မြန်ခြင်းကိုသိရှိ၍ အကြိမ်ကြိမ်စမ်းသပ်ခဲ့၏။ ကျွန်ုပ်၏ကိုယ်တွေ့မှာ ဘာသာပြန်အလုပ်မျိုးတွင် ဤနည်းသည် အလွန်တရာနေရာကျသော်လည်း ကိုယ့်စိတ်ကူးနှင့်ရေးရသော အလုပ်မျိုးတွင်မူကား ဟန်မကျလှချေ။ ဖြစ်တော့ ဖြစ်ပါ၏။ သို့ရာတွင် ကိုယ်တိုင်ရေးသလောက် ကောင်းသည် မထင်ပေ။ ဝါကျတည်ဆောက်ပုံနှင့် ပတ်သက်၍ ညံ့ဖျင်းသွားခြင်းကို တွေ့ရ၏။ အဓိပ္ပာယ်ပြည့်စုံလျှင် ပြီးရောဆိုကာ ဝါကျတည်ဆောက်ပုံအကြောင်းကို သဘောမထားသော စာရေးဆရာများသော်လည်းကောင်း၊ စကားပြောတတ်သော စာရေးဆရာများသော် လည်းကောင်း အသုံးပြုကြသော နည်းတစ်ခုဖြစ်သည် ထင်၏။ သို့ရာတွင် ဘာသာပြန်သော အလုပ်မျိုးတွင်မူကား ကိုယ်တိုင်ရေးသည်ထက် အဆင်ပြေခြင်းကို တွေ့ရပါသည်။ သို့နှင့်လည်း ထိုသူရေးထားသည်ကို ပြန်၍ကြည့်ပါမှ သာ၍ကောင်းတတ်ပါသည်။ ကိုယ်တိုင်ရေးသောစာဖြစ်ပါမူကား ပြန်၍ကြည့်သော်လည်း ကျွန်ုပ်အဖို့ရာတွင် ပြင်ဆင်ဖို့ အလွန်နည်းသည်ကို တွေ့ရပါသည်။ မကြည့်ဘဲမူကား လက်မလွှတ်ပါ။

**ဆက်လက်ဖော်ပြပါမည်။**

## အင်းစိန်မြို့နယ်၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတရသစာအုပ်စာစောင်များငှားရမ်းပေး

ရန်ကုန် မေ ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်စာစောင်များငှားရမ်းပေးလျက်ရှိရာ မေလ ၇ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးနှင့် အရှေ့ကြို့ကုန်းရပ်ကွက်သို့ သွားရောက်ကာ သုတ၊ ရသစာအုပ်စာစောင်များကို ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များငှားရမ်းရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးနှင့် အရှေ့ကြို့ကုန်းရပ်ကွက်သို့ သွားရောက်၍ စာဖတ်သူများအား သုတ၊ ရသစာအုပ်စာစောင်များ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာပေမှ ဗဟုသုတများစွာရရှိစေရန်ရည်ရွယ်၍ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ၊ ရသစာအုပ်စာစောင်များကို အင်းစိန်မြို့နယ်အတွင်း စာဖတ်သူများလက်ဝယ်အရောက် ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။



ချမ်းမြေ့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှ သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ် ကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက် သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ၏ဇနီးက ဧည့်သည်တော်မှတ်တမ်းစာအုပ် တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက ရုရှားဘက်မှ တာဝန်ရှိသူများနှင့် မိတ်ဆက် ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက မြန်မာဘက်မှကိုယ်စားလှယ်အဖွဲ့ဝင်များ နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ ရုရှား ဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ထပ်တူကြေကွဲဝမ်းနည်းမိပါကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုရှားဖက်ဒရေးရှင်း နိုင်ငံအနေဖြင့်လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် အမျိုးသမီး စောင့်ရှောက်မှုစီမံကိန်းများရှိပြီး ယူရေးရှား အမျိုးသမီးဖိုရမ် (Eurasian Women's Forum)ကို သုံးနှစ်တစ်ခါပြုလုပ်လျက်ရှိ ကြောင်း၊ ယင်းဖိုရမ်တွင် ကလေးငယ်များ နှင့် အမျိုးသမီးများ၏ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် လုပ်ဆောင်ပေးလျက် ရှိပြီး အမျိုးသမီးများနှင့်ပတ်သက်သည့် စီမံကိန်းများတွင် မြန်မာနိုင်ငံအနေဖြင့် လည်း ပါဝင်လာနိုင်ရန် မျှော်လင့်ပါကြောင်း ဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့်တွေ့ဆုံဆွေးနွေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ပြန်လည် ပြောကြားရာတွင် မြန်မာနိုင်ငံတွင်ဖြစ်ပေါ် ခဲ့သည့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့အပြီး တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှ ကူညီထောက်ပံ့မှုများဆောင် ရွက်ပေးခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါ ကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဘက်ပေါင်းစုံမှကူညီထောက်ပံ့ပေးမှုများ သည် မြန်မာနိုင်ငံအတွက် အထောက်အကူ များစွာဖြစ်စေပြီး ပူးပေါင်းဆောင်ရွက်မှု များကို အရှိန်မြှင့်တင်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြား သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ် ကောင်စီလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်နိုင်ငံ အကြား ပညာရေးကဏ္ဍနှင့် စီးပွားရေး ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွား နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီးနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ တို့သည် အမှတ်တရလက်ဆောင်ပစ္စည်း များ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး တက် ရောက်လာကြသူများနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ BRICS အမျိုးသမီးစီးပွားရေး မဟာမိတ်အဖွဲ့ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့်တွေ့ဆုံဆွေးနွေး စဉ်။

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ရုရှားဖက်ဒရေးရှင်း နိုင်ငံသို့ရောက်ရှိနေသည့် ဇနီး ဒေါ်ကြူကြူလှ သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် BRICS အမျိုးသမီးစီးပွားရေး မဟာမိတ် အဖွဲ့ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ Ms. Anna Nesterova နှင့် ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီရုံး၌ တွေ့ဆုံ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီးနှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး၏ ဇနီး ဒေါ်နီလာ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)၏ ဇနီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌဒေါ်ခင်မစိုး၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၏ ဇနီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး BRICS အမျိုးသမီးစီးပွားရေး မဟာမိတ် အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌ နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များအား BRICS အမျိုးသမီးစီးပွား ရေး မဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် BRICS အမျိုးသမီးစီးပွားရေးမဟာမိတ်အဖွဲ့ ရုရှား ဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် မကြာမီပြုလုပ်မည့် BRICS Forum တွင် အစိုးရနှင့် စီးပွားရေးနယ်ပယ်ပေါင်းစုံမှ အမျိုးသမီးများပါဝင်သည့်အခြေအနေများ၊ BRICS အမျိုးသမီးစီးပွားရေးမဟာမိတ် အဖွဲ့ရုံးခွဲများကို ကမ္ဘာ့နိုင်ငံများတွင် ဖွင့်လှစ် ထားလျက်ရှိပြီး မြန်မာနိုင်ငံဘက်မှ စိတ်ဝင် စားပါက လာရောက်ဖွင့်လှစ်လိုသည့်အခြေ အနေများ၊ လက်ရှိကမ္ဘာ့ရေးရာများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အသိ အမှတ်ပြုအားပေးဆောင်ရွက်ရမည့်အချိန် သို့ရောက်ရှိနေပြီဖြစ်သည့်အခြေအနေများ၊ အမျိုးသမီးများ၏ နေ့စဉ်လူမှုဘဝဆောင် ရွက်မှုများသာမက ကမ္ဘာ့ရေးရာကိစ္စရပ် များတွင် ရဲစွမ်းသတ္တိ၊ ယုံကြည်မှု၊ လုံ့လ ဝီရိယရှိမှု၊ ဦးဆောင်နိုင်မှု၊ ဖန်တီးနိုင်မှု စွမ်းအားတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်နေ မှုများအား အသိအမှတ်ပြုအားပေးရန် လိုအပ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံ အနေဖြင့် အမျိုးသမီးစွန့်ဦးတီထွင်မှုအခန်း ကဏ္ဍမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်လျက် ရှိသည့်အခြေအနေများ၊ ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ပညာရေးနှင့် အမျိုးသမီး ရေးရာတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက် သွားနိုင်မည့်အခြေအနေများနှင့် ပတ်သက် ၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ ဇနီးနှင့် BRICS အမျိုးသမီး စီးပွားရေးမဟာမိတ်အဖွဲ့ ရုရှားဖက်ဒရေး ရှင်းနိုင်ငံဆိုင်ရာဥက္ကဋ္ဌတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြပြီး **စာမျက်နှာ ၆ သို့** ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ အခြားနိုင်ငံ့အကြီးအကဲများနှင့်အတူ ပါဝင်တက်ရောက်စဉ်။



➢ ရှေ့ဖုံးမှအဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲနှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိနေသည့် အခြားနိုင်ငံ့အကြီးအကဲများအား ကရင်မလင်နန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ Andereevsky ခန်းမ၌ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့်အထိမ်းအမှတ်ဂုဏ်ပြုကပွဲကို အတူတကွကြည့်ရှုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ<br>
နိုင်ငံတော်ဝန်ကြီးချုပ်<br>
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်<br>
ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ<br>
မစ္စတာ ဗလာဒီမာပူတင်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခြားနိုင်ငံ့အကြီးအကဲများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတနှင့်အတူ Aldxandrovsky ခန်းမ၌ ညစာအတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညစာစားပွဲသို့တက်ရောက်လာကြသည့်နိုင်ငံ့အကြီးအကဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

❍ စာမျက်နှာ ၅ မှအဆက်

တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ယင်းနောက်မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့ရှိ State Tretyakov Gallery သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြပြီး ရှင်းလင်းပြသမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

အဆိုပါ State Tretyakov Gallery သည် ရုရှားနိုင်ငံ၏ အရေးအပါဆုံးယဉ်ကျေးမှုအနုလက်ရာများရှိရာ ကမ္ဘာကျော်ပြခန်းကြီးတစ်ခုဖြစ်ကြောင်း၊ ရုရှားလူမျိုးတို့၏ အနုပညာနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့ကို လေ့လာနိုင်သဖြင့် ရုရှားလူမျိုးတို့၏ ဓလေ့စရိုက်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် စိတ်နေသဘောထားများ၊ သမိုင်းကြောင်းအစဉ်အလာများ၊ အနုသုခုမပညာရပ်တို့တွင် အဆင့်အတန်းမြင့်မားမှုများကို ပြတိုက်အတွင်းပြသထားသည့် အနုပညာပြကွက်များမှတစ်ဆင့် တွေ့မြင်ရနိုင်ကြောင်း၊ ပြခန်းကြီးတွင်ပြသထားသည့် အနုပညာကို လာရောက်ခံစားကြသူများအနေဖြင့် လူကြီးများသာမက လူငယ်များ၊ ကလေးငယ်များကိုပါ ရုရှားလူမျိုးတို့၏ အနုပညာ၏တန်ဖိုးနှင့် အဆင့်အတန်းမြင့်မားမှုတို့ကိုသိရှိသွားအောင် လုပ်ပေးလျက်ရှိသည့်ပြတိုက်ကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မော်စကိုမြို့ရှိ State Tretyakov Gallery တွင် ကြည့်ရှုလေ့လာစဉ်။

# ဘရူနိုင်းဘုရင်နှင့်တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပါဝင်တက်ရောက် ဘရူနိုင်းနိုင်ငံ၏ အထင်ကရနေရာများကို သွားရောက်လေ့လာ

**ဘန်ဒါဆရီဘီဂါဝမ် မေ ၈**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ The Empire Brunei ဟိုတယ်၌ မေလ ၇ ရက်တွင် ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (17th ASEAN Ministers' Responsible for Information and its related Meetings–17th AMRI)သို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် ဦးစန်းလွင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ Istana Nurul Iman နန်းတော်တွင် ဘရူနိုင်းဘုရင် စူလတန်ဟာဂျီ ဟာစင်နယ်ဘိုခီးယား (Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah) နှင့် သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။



ဘရူနိုင်းဘုရင့်နန်းတော်သည် ယုံကြည်ခြင်းအလင်းနန်းတော် (The Light of Faith) ဟု အမိပ္ပာယ်ရပြီး Bandar Seri Begawan ၏ အနောက်တောင်ဘက်တောင်ကုန်းများပေါ်ရှိ မြစ်ကမ်းစပ် ဘရူနိုင်းအစိုးရ၏ ရုံးစိုက်ရာနေရာတွင်တည်ရှိသည်။ ဘရူနိုင်းဘုရင် Sultan Haji Hassanal Bolkiah Mu'izzaddin Waddaulah သည် ၁၄ ရာစုမှ စတင်ခဲ့သည့် ဘရူနိုင်းဘုရင်မင်းဆက်၏ ၂၉ ဆက်မြောက် ဘုရင်အဖြစ် ၁၉၆၇ ခုနှစ်တွင် နန်းတက်ခဲ့ပြီး ၁၉၈၄ ခုနှစ်တွင် ဗြိတိသျှလက်အောက်မှ ဘရူနိုင်းနိုင်ငံ လွတ်လပ်ရေးရခဲ့ချိန်မှစ၍ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံပွဲအပြီးတွင် သီးသန့်တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် AMRI ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် ဘရူနိုင်းဘုရင်နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (17th AMRI) သို့တက်ရောက်ရန်ရောက်ရှိနေသည့်ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra ဦးဆောင်သည့် ကမ္ဘောဒီးယား ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား သတင်းအချက်အလက်နှင့် မီဒီယာ ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် အာရှမီဒီယာ ထိပ်သီးဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ရေးဆိုင်ရာများကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံရုံး အသစ်တည်ဆောက်သည့်နေရာသို့ ရောက်ရှိရာ သံရုံးယာယီတာဝန်ခံ ဒေါ်ခင်စန္ဒာနှင့် တာဝန်ရှိသူများက သံရုံးအသစ်တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များကို လိုက်လံရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ဘန်ဒါဆရီဘီဂါဝမ်မြို့ရှိ ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်၍ သံရုံးတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၇)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး (17th AMRI)သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ အိမ်ရှင်ဘရူနိုင်းနိုင်ငံမှစီစဉ်ပေးသည့် လေ့လာရေးခရီးစဉ်အဖြစ် ဘရူနိုင်းမြစ်အတွင်း သင်္ဘောဖြင့်လေ့လာသည့် အစီအစဉ်တွင် ပါဝင်လေ့လာခဲ့သည်။ ဘရူနိုင်းမြစ်အတွင်း သင်္ဘောဖြင့်လေ့လာသည့် ခရီးစဉ်အတွင်း ဘရူနိုင်းနိုင်ငံ၏အထင်ကရလေ့လာရန်နေရာများဖြစ်သည့် ဆူလတန်အိုမာ အလီ ဆေဖူဒင် တံတားကြီး (Sultan Omar Ali Saifuddien Bridge)၊ ကမ်ပေါင်ရော ရေပေါ်ရွာ (Kampong Ayer)၊ အိုမာ အလီ ဆေဖူဒင်ဗလီ (Sultan Omar Ali Saifuddien Mosque)၊ Jong Batu ကျောက်ဆောင်ကျွန်း၊ လမုတောဥယျာဉ်၊ ဘရူနိုင်းရေပန်းဥယျာဉ်၊ ယဉ်ကျေးမှုနှင့် လက်မှုပစ္စည်းဆိုင်ရာ သင်တန်းကျောင်းနှင့် ဘရူနိုင်းနည်းပညာပြတိုက်တို့အား မြစ်တွင်းမှ ကြည့်ရှုလေ့လာခဲ့သည်။

အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(AMRI)ကို အာဆီယံဆွေးနွေးဖက် သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေး(AMRI+3)နှင့်အတူ နှစ်နှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး အာဆီယံနှင့်ဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေးလုပ်ငန်း စီမံကိန်းများအပေါ်တွင် လိုအပ်သည့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် (၁၂) ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေး (12th AMRI) ကို ၂၀၁၄ ခုနှစ်တွင် နေပြည်တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

**မြဝတီ**

# စွမ်းအင်ဝန်ကြီးဌာနမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ဝန်ထမ်းသား / သမီး ၄၀ ဦးအတွက် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် မေ ၈**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းသား/သမီး ၄၀ ဦးတို့အတွက် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ဝန်ထမ်းများနှင့်ဝန်ထမ်းသား/သမီး ၄၀ ဦးအတွက် တစ်ဦးလျှင်ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်း ၁၂၀ အား ချီးမြှင့်ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အားပေးစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် မိမိတို့ဝန်ကြီးဌာနရှိ ကျောင်းသား၊ ကျောင်းသူ ၄၀ ဦးသည် တက္ကသိုလ်ဝင်စာမေးပွဲအား အခက်အခဲများကြားမှ ယခုလိုရာနှုန်းပြည့်ပြန်လည်ဖြေဆိုကြမည့်အပေါ် ဝမ်းမြောက်မိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားရေးစခန်းများမှ သင်ကြားမှုပြီးစီး၍ ပြန်လည်ရောက်ရှိချိန်တွင် စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် နေရာထိုင်ခင်း၊ အစားအသောက်၊ Online Facility များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိတို့ရည်မှန်းချက်များ အောင်မြင်စေရန် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြိုးစားဖြေဆိုကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့်မိဘများက စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲမတိုင်မီနှင့် စာမေးပွဲဖြေဆိုချိန်အတွင်း လိုအပ်သည့်အုပ်ချုပ်ထောက်ပံ့မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအားမည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော်   မေ   ၈

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ သစ္စာစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီး ဆုတောင်းပြည့်မြတ်စွာဘုရား၌ အပျက်အစီးများရှင်းလင်းစဉ်ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား ကြည့်ရှုစဉ်။



ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်တို့ ထိုင်းနိုင်ငံပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာနရုမော်ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ငှက်တောင်ကျေးရွာအုပ်စု ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွာဦးသိမ်စေတီအပျက်အစီးများအား ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အချိုရည်များပေးဝေစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ သစ္စာစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်များကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင်အဆောက်အအုံများကိုလည်းကောင်း ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့သို့ရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA နှင့်အတူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ကျင်းပပြုလုပ်သော ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ငလျင်ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOO-NTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမ၌ ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာနရုမော် ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထိုင်းတပ်မတော်အင်ဂျင်နီယာအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက်လှူဒါန်းသောထောက်ပံ့ပစ္စည်းများအားပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကူးသည်။

ဎင်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRIS BOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့က ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသော ယုဇန (၂)ထပ်စာသင်ဆောင်၊ နှင်းဆီ (၂) ထပ်စာသင်ဆောင်၊ အောင်တံခွန်ခန်းမနှင့် ရေသန့်စက်တို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အောင်တံခွန်ဈေးသို့သွားရောက်၍ ဎင်းဈေးအတွင်း၌ ဖွင့်လှစ်ထားသော ငလျင်ဘေးသင့်ပြည်သူများ ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက်

**စာမျက်နှာ ၉ သို့❖**

**မိုးကြီးမည့်သတိပေးချက်**

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုရှောင်ရှားရန်နှိုးဆော်

၁၀-၅-၂၀၂၅ ရက်နေ့မှ ၁၁-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





**နေပြည်တော် မေ ၈**


ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မေလ ၁၀ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

၁၂-၅-၂၀၂၅ ရက်နေ့မှ ၁၃-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၄-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**(မိုး/ဇလ)**

---

◆ **စာမျက်နှာ ၈ မှအဆက်**

ထိုင်းတပ်မတော် အင်ဂျင်နီယာအဖွဲ့ကလှူဒါန်းသောလူနေတဲ ၆၀ လုံးနှင့် ထောက်ပံ့ပစ္စည်းများအား ပေးအပ်လှူဒါန်းပြီး စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

၎င်းနောက် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRISBOONTANONDHA၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် တံတားဦးလေဆိပ်သို့ ရောက်ရှိကြပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် လှူဒါန်းသောပစ္စည်း ၁၁ မျိုးအားလက်ခံရယူ၍ ဓာတ်ပုံရိုက်ကူးကြကာ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာမည့် ထိုင်းဘုရင့်တပ်မတော် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General UKRISBOONTANONDHA ဦးဆောင်သောအဖွဲ့အား ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိဆင်တဲတိုက်သစ်ကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ပုထိုးတော်ကြီးဆုတောင်းပြည့်မြတ်စွာဘုရား၊ ဆေးအိုးဘိုကျေးရွာရှိ ဓမ္မမဏ္ဍိုင်ကျောင်း၊ ဇမ္ဗူထိပ်ပန်ဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေး၍ ဆရာတော်ကြီးများအား အလှူငွေများပေးအပ်လှူဒါန်းကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီပုထိုးများမှ အပျက်အစီးများရှင်းလင်းစဉ် ပြန်လည်သိမ်းဆည်းတွေ့ရှိရသော ဌာပနာပစ္စည်းများအား စနစ်တကျထားရှိထိန်းသိမ်းရန်နှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၃၉) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ဆရာ၊ ဆရာမများ၊ ရပ်မိရပ်ဖများ၊ တပ်မတော်သားများစုပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း၊ စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့၊ ၄က္ကတောင်ကျေးရွာအုပ်စု၊ ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရွာဦးသိမ်စေတီအပျက်အစီးများအား မြို့မိမြို့ဖများစုပေါင်း၍ ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများအတွက်အချိုရည်နှင့်ရေသန့်ကတ်များပေးအပ်ခဲ့ကာ တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်၊ ဆူးကုန်းကျောင်းတိုက်ရှိဖြိုဖျက်ထားသော အဆောက်အအုံများအား တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့ရှိ UNITY HEART မှ ဦးစီး၍ ငလျင်ဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ထားရှိသော ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂) ကယ်ဆယ်ရေးစခန်းသို့သွားရောက်၍ ပြည်သူများအား စိတ်လူမှုပိုင်းဆိုင်ရာကူညီပံ့ပိုးခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ကာ ငလျင်ဒဏ်ကြောင့် ပြည်သူများစိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားခဲ့ရမှုများရှိခဲ့သောကြောင့် စိတ်ပိုင်းဆိုင်ရာပြန်လည်ကုစားနိုင်ရေးအတွက် ယခုလိုဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး စိတ်ပညာပါမောက္ခချုပ်(အငြိမ်းစား) ဒေါက်တာမြင့်လွင်မှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုထုံးဆွေးနွေးမှုများအား ဟောပြောခြင်း၊ ငလျင်ဒဏ်သင့်ပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာခံစားချက်နှင့်သက်ဆိုင်သော မေးခွန်းများအား ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ G-12 စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် အနီးကပ်သင်တန်းလာရောက်သင်ကြားပို့ချပေးခဲ့သော တက္ကသိုလ်ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ခဲ့ပြီး သင်ကြားပို့ချပေးခဲ့သော ဆရာ၊ ဆရာမ ၁၄၃ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ ၇၁၅၀၀၀၀ ကျပ်အား ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များ၌ G-12 စာမေးပွဲပြန်လည်ဖြေဆိုနိုင်မည့် ကျောက်ဆည်မြို့နယ်မှ ရှိရင်းကျောင်းသား၊ ကျောင်းသူ ၁၅၀၃ ဦးရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၃၀၉ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၇ ဒသမ ၀၉၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ စဉ့်ကိုင်မြို့နယ်မှ ရှိရင်းကျောင်းသား၊ ကျောင်းသူ ၁၂၅၁ ဦးရှိသည့်အနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၁၂၅၁ ဦးဖြစ်သည့်အတွက် ၁၀၀ ရာခိုင်နှုန်းအပြည့် ဝင်ရောက်ဖြေဆိုမှာဖြစ်ကြောင်း၊ မြစ်သားမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူရှိရင်း ၈၅၄ ဦးအနက် Revision Class တက်ရောက်ပြီး ဝင်ရောက်ဖြေဆိုမည့်ဦးရေမှာ ၈၄၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၄၇၈ ရာခိုင်နှုန်းအထိ ပြန်လည်ဖြေဆိုကြမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်အတွင်း ပြန်လည်ဖြေဆိုရမည့် ကျောင်းသား၊ ကျောင်းသူ ၃၆၀၈ ဦးရှိသည့်အနက် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူအရေအတွက်မှာ ၃၄၀၁ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၆၃ ရာခိုင်နှုန်းဝင်ရောက်ဖြေဆိုကြမှာဖြစ်ပြီး တက်ရောက်ရန်ကျန်ရှိသော ကျောင်းသား၊ ကျောင်းသူ ၂၀၇ ဦး ရာခိုင်နှုန်းအားဖြင့် ၅ ဒသမ ၇၄ ရာခိုင်နှုန်းဖြစ်ပြီး ကျန်ရှိသည့် အဝေးရောက်ကျောင်းသား၊ ကျောင်းသူများအားလည်း စာမေးပွဲပြန်လည်ဖြေဆိုနိုင်ရေးအတွက် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားခဲ့သည်။

၎င်းနောက်ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ Modular House ၂ လုံး တပ်ဆင်ပြီးစီး၍ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ Modular House ၅ လုံး တည်ဆောက်လျက်ရှိသည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သောက်သုံးရေ၊ ရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်ထားရှိရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများမှ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့မိမြို့ဖများမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးရိပ်သာ၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ကျောက်သေတ္တာစေတီပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်မည့်အခြေအနေများ၊ ဖောင်ရွာကွင်း၌ ယာယီဈေးတည်ဆောက်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ရောင်းချပေးနေမှုအခြေအနေများ၊ Modular House များ တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်နေမှုအခြေအနေများ၊ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်နိုင်ရေးတို့အား သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများမှ အတူတကွ ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်သူများဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဌာနအသီးသီးမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကလိန်အောင်ဒေသထွက် ပတ္တမြားငမောက် သရက်သီးများ စတင်ခူးဆွတ်

ကလိန်အောင် မေ ၈

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ ရာသီပေါ်ထွက်ရှိသည့် ပတ္တမြားငမောက် သရက်သီးများကို ယခုအချိန်တွင် ဈေးကွက်သို့တင်ပို့ရန် စတင်ခူးဆွတ်နေပြီဖြစ်ကြောင်း ကလိန်အောင်မြို့ရှိ တောင်သူတစ်ဦးထံမှသိရသည်။

ကလိန်အောင်မြို့မှထွက်ရှိသည့် ပတ္တမြားငမောက်သရက်သီးများကို မြို့ပေါ်ရှိဈေးများနှင့် ဈေးဆိုင်များသို့ ရောင်းချကြပြီး တခြားမြို့ကြီးဖြစ်သည့်ရန်ကုန်မြို့နှင့်ထားဝယ်မြို့တို့သို့လည်း တင်ပို့ရောင်းချကြသည်။

အဆိုပါ ပတ္တမြားငမောက်သရက်သီးပင်များကို အော်ဂဲနစ်စနစ်ဖြင့် စိုက်ပျိုးကြပြီး ထွက်ရှိလာသည့်ပတ္တမြားငမောက်သရက်သီးမှာ စားသုံးသူတို့အတွက်လည်း ကျန်းမာရေးနှင့် ညီညွတ်သည်။

ပတ္တမြားငမောက်သရက်သီးမျိုးကို ကိုင်းကူးအပင်မျိုးဖြင့်သာ စတင်စိုက်ပျိုးနိုင်ပြီး သုံးနှစ်အကြာတွင် ပန်းများပွင့်ကာ အသီးကင်းများစတင်သီးသည်။ ၎င်းအသီးကင်းများကို မှိုဆေးများဖျန်းပေးရပြီး အသီးလုံးများကို စနစ်တကျအိတ်စွပ်ပေးကာ မေလပိုင်းတွင် စတင်ခူးဆွတ်ပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချကြသည်။

ပတ္တမြားငမောက်သရက်သီး တစ်ဧကကို စိုက်ပျိုးပါက အလုံးရေငါးထောင်ခန့်ထွက်ရှိကြောင်း သိရသည်။ (၄၁၂)



## ဝေါမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ပဲခူး မေ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မေလ ၇ ရက် နံနက်ပိုင်းက ဝေါမြို့နယ်အတွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ဝေါမြို့နယ် ကျိုက်လှကျေးရွာအုပ်စု၌ တစ်နှစ်သုံးသီးစိုက် ဧရိယာအတွင်း နွေစပါးစံပြစိုက်ခင်း၌ သက်တမ်းတို “ရွှေရည်တိုး”စပါးမျိုးစေ့ထုတ်စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိနိုင်သဖြင့် “အောင်နိုင်တိုး” စပါးကဲ့သို့ မျိုးစေ့ထုတ်စိုက်ခင်းများ မြို့နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးသွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျိုက်လှကျေးရွာအုပ်စုအတွင်း မြေဆီလွှာထက်သန်စေရေးအတွက် ပိုက်ဆန်လျှော် သစ်စိမ်းမြေဩဇာကြဲပက်နေမှုအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအတွက် ပိုက်ဆန်လျှော်မျိုးစေ့များပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝေါမြို့နယ် ကျိုက်လှကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ဖြိုးလင်း၏ “ဒိုးဝင်း” အမျိုးအစား ဒေသနွားကောင်ရေ ၃၀ မွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဝေါမြို့နယ် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း တည်ဆောက်နေမှုနှင့် ဆပ်သွားခြံုတာဆုံအနီးရှိ X-Ray စစ်ဆေးရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပံ့ပိုးငွေများပေးအပ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# သစ်ဝင်တိုင်းကျေးရွာအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား အလှူငွေများလာရောက်လှူဒါန်း



နေပြည်တော် မေ ၈

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် သစ်ဝင်တိုင်းကျေးရွာ၌ မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား မေလ ၇ ရက်တွင် အလှူငွေများ လာရောက်လှူဒါန်းကြသည်။

ထိုသို့လှူဒါန်းရာတွင် ယခင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ဖွင့်လှစ်ခဲ့သည့် “1979 Machinery Repair & Maintenance” (Regional Collage(RC-3))၊ ဒေသကောလိပ်ကျောင်းသား၊ ကျောင်းသူဟောင်းများက သစ်ဝင်တိုင်းကျေးရွာအတွင်း၌ ထိခိုက်ပျက်စီးခဲ့သော အိမ်ထောင်စု ၅၉ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်းအလှူငွေကျပ် ၅၉ သိန်း လာရောက်လှူဒါန်းသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၄၁၃)

## သဇင်(FM) အသံလွှင့် အစီအစဉ်

၉-၅-၂၀၂၅ (သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

## ရွှေဘိုသနပ်ခါး

❖ သနပ်ခါးဆို၊ ပြည်ရွှေဘိုက
စာဆိုရှိခဲ့၊ မြင်လှည့်ချစ်သူ
မောင့်ချစ်သူလေး၊ ပါးဖွေးဖွေးမှာ
ရေးရေးလိမ်းထား၊ သနပ်ခါးမို့
ခြောက်မသွားခင်၊ အလှတွင်မြင့်
ဂုဏ်ရှိန်တင့်ကာ မွှေးလျက်သာ။

❖ ပါးကွက်ကျားနဲ့၊ သက်ထားချစ်သူ
ဟန်မူငယ်သွေး၊ လှပဂေးကြောင့်
အဝေးမခွာ၊ အပြေးလာမိ
ရင်မှာငြိတွယ်၊ နံ့မပြယ်တည့်
စိတ်ဝယ်စွဲလမ်း သနပ်ခါးပန်း။

❖ ရှင်မတောင်နဲ့၊ နှိုင်းခဲ့ရွှေဘို
အဖြေကိုတည့်၊ လိမ်းလို့ကြည့်မှ
သင်သိရလိမ့်၊ အလှချင်းတူ
ဟန်မူကြွယ်ရေး၊ မပြိုင်ကြေးတည့်
ဟိုရှေးဆက်ဆက်၊ အမည်တက်နှင့်
ရွေးလျက်ယှဉ်ထား
သနပ်ခါးမှာ ရွှေဘိုသာတည့်။

❖ ကမ္ဘာနှင့်ပြိုင်၊ ဘယ်သူနိုင်လိမ့်
ယိမ်းယိုင်ချို့တဲ့၊ မှဲ့ခြောက်နဲ့ဆို
မိတ်ကပ်ကိုလည်း၊ မလိုဘဲထား
သနပ်ခါးကို၊ လိမ်းသည့်ပျိုတို့
ဟန်မူပိုလျက် လှလျက်မြဲသာ
မယှဉ်သာတည့်
မြန်မာသနပ်ခါး ကမ္ဘာလွှား။ ။

**ဘိုမျိုး(ရွှေဘို)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၂၅ ( သောကြာနေ့ )

၁။ ၀၆:၀၀ တရားတော်
မေတ္တာပို့
ဓမ္မပူဇာတေး
နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
ကိုယ်လက်လှုပ်ရှားအားကစား

၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
စိုက်ပျိုးသုတ

၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
ကျန်းမာသုတ

၄။ ၁၀:၀၀ သီချင်းလက်ဆောင်
ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း

၅။ ၁၁:၀၀ အတွေးအမြင်
မြတ်ဗုဒ္ဓ၏သာသနာ
မြန်မာ့လက်သံ

၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု

၇။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး

၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ

၉။ ၁၅:၀၀ ဇာတ်လမ်းတို

၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ

❖ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရ၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ကျော်ဖြတ်သွားနိုင်မည်ဟုလည်းယုံကြည် . . .

ကာဇက်စတန်နိုင်ငံသမ္မတH.E.Mr. Kassym–Jomart Tokayev

❖ မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်၊ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အဆွေတော်အနေဖြင့် ထပ်တူဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းနှင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန်အသင့်ရှိပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိ၊ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ် . . .

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

☆ ကျောဖုံးမှအဆက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကာဇက်စတန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းတို့ တက်ရောက်ကြပြီး ကာဇက်စတန်နိုင်ငံသမ္မတနှင့်အတူ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ကာဇက်စတန်နိုင်ငံသမ္မတက မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် မြန်မာနိုင်ငံအစိုးရ၊ ပြည်သူလူထုတို့နှင့်ထပ်တူ စိတ်မကောင်းဖြစ်ရပါကြောင်း၊ ထိခိုက်ဆုံးရှုံးခဲ့ရမှုများကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့လက်တွဲ၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်၍ ကျော်ဖြတ်သွားနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည်မှာ ၂၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ ကာဇက်စတန်နိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီးအနေဖြင့်လည်း ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း၌ သံအမတ်ခန့်အပ်လွှာကို အဆွေတော်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့ရမှုများ၊ ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် အဆွေတော်အနေဖြင့် ထပ်တူဝမ်းနည်းကြောင်း၊ စာနာထောက်ထားကြောင်းနှင့် မြန်မာနိုင်ငံအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း သဝဏ်လွှာပေးပို့ခဲ့သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကာဇက်စတန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကာဇက်စတန်နိုင်ငံသမ္မတတို့သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုခြင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့်အတူ မော်စကိုမြို့ရှိ အညတရစစ်သည် ဂူဗိမာန်သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရှေ့ဆောင်စစ်သည်များမှ ဦးဆောင်၍လွမ်းသူ့ပန်းခွေအားသယ်ဆောင်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Mr. Andrey Belousov၊ အခြားပြည်ပနိုင်ငံမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့်တွေ့ဆုံဆွေးနွေးစဉ်။

ကာကွယ်ရေးဝန်ကြီးများနှင့်အတူ အညတရစစ်သည်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin နှင့် မော်စကိုမြို့၊ Plaza Garden Hotel ၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖြစ်လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီးဌာနမှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပထမဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Colonel General Alexander Fomin က ဟိုတယ်ရှိ အစည်းအဝေးခန်းမမှ ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအတွက် ရုရှားနိုင်ငံမှ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့် ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပံ့ပိုးပေးခဲ့မှုများအတွက် အထောက်အကူများစွာရရှိခဲ့သဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။ ထို့နောက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား၊ ကာကွယ်ရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံစစ်ဘက်နည်းပညာကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ စစ်ဘက်ပညာတော်သင်များဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုစစ်ဆေး

## ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၈၄၇ သန်းပေးအပ်

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှု၊ ငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများအား ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ၊ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရန် ဘာသာရပ်များသင်ကြားပို့ချပေးနေသည့် တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေး၊ စားသောက်နေထိုင်ရေးအတွက် နိုင်ငံတော်မှထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် ၄၇ သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူတို့က လက်ခံရယူသည်။

ယင်းနောက် တက္ကသိုလ် အစည်းအဝေးခန်းမ၌ စခန်းဝင်လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ သင်ကြားလေ့ကျင့်နိုင်ရန်အတွက် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့်ခေတ္တပါမောက္ခချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းသင်ကြားပို့ချပေးနေမှုအခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စခန်းဝင်သင်ကြားပေးနေမှုအခြေအနေများနှင့် ချက်ပြုတ်ကျွေးမွေးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို အစားအစာချက်ပြုတ်ရာတွင် သန့်ရှင်းလတ်ဆတ်မှုရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးကို အထူးအလေးထားဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် စစ်ကိုင်းတောင်ရှိ ဆွမ်းဦးပုညရှင်စေတီသို့သွားရောက်၍ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ သီတဂူဆရာတော် ဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုငွေဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာနေသူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၃၈၄၇ သန်းကိုပေးအပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က လက်ခံရယူပြီး ဒုတိယဝန်ကြီးချုပ်က ယာယီနေရပ်စွန့်ခွာနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဧရာဝတီမြစ်ကမ်းနားလမ်းရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ စီစဉ်ဆောင်ရွက်ထားသော မြစ်ရေတင်စက်မှ သောက်သုံးရေအဖြစ် သန့်စင်၍ လိုအပ်သည့်ပြည်သူများသို့ အခမဲ့ဖြန့်ဖြူးပေးနေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် စစ်ကိုင်းတံတားသို့သွားရောက်၍ ပြိုကျပျက်စီးခဲ့မှုများအား မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် တပ်မတော်(ရေ)မှဖယ်ရှားရှင်းလင်းရေး ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးချုပ်က အဓိကရေလမ်းကြောင်းများ မိုးမကျမီဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရေလယ်တိုင်များ ရေအောက်ပိုင်းကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ **မြဝတီ**

# အောင်နိမိတ်ဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်

နေပြည်တော် မေ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ (င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၈၃၉၂ ဧကရှိသော နယ်မြေကို **“အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာ အမှတ် (၄၂/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း(၄)ရက် (၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝအစိမ်းရောင်တံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့စေရေးကို အထောက်အကူပြုနိုင်ရန်၊ ဒေသခံပြည်သူများအတွက် ငါး၊ ပုစွန်၊ ကဏန်း စသောရေသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်၊ ကုန်းတွင်းပိုင်းသို့ ဆားငန်ရေ ဝင်ရောက်မှုများမှ တားဆီးကာကွယ်နိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။



အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒီရေတောသစ်မျိုးများဖြစ်သည့် သမဲ့၊ လမု၊ သရော၊ ကန့်ပလာ၊ သခွတ်၊ ရေခရားသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ငါးမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံတို့၏ရှင်သန်ပေါက်ပွားရာ ဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဘုတ်၊ ဒင်ကြီးငှက်၊ ဗျိုင်း၊ ငှက်ကြား၊ ခရုစုပ်ငှက်၊ ဘီလုံးငှက်၊ စင်ရော်ငှက် စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုနိုင်ခြင်း၊ ဒီရေတောများသည်အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚C | / | ၃၈˚C |
| ရန်ကုန် | ၂၆˚C | / | ၃၇˚C |
| မန္တလေး | ၂၉˚C | / | ၄၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၈

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ (မိုး/ဇလ)

# ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် သဘာဝဘေးအန္တရာယ်များ

ဒေါက်တာဇေယျာဝင်း

**သဘာဝဘေးအန္တရာယ်များသည် လူတစ်ဦးချင်းစီအပေါ်တွင် ကြီးမားသည့်သက်ရောက်မှုများရှိသလို နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု အပေါ်တွင်လည်း သက်ရောက်မှု အတိုင်းအဆကြီးမားတတ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးများဖြစ်ပွားပါက သက်ရောက်မှုပမာဏ အလွန်များပြားတတ်သည်။ အခြေခံအဆောက်အအုံများ (လမ်းများ၊ တံတားများ၊ စက်ရုံများ) ပျက်စီးမှုကြောင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုရပ်တန့်သွားနိုင်သည်။**

သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သိသာထင်ရှားသော သက်ရောက်မှုများရှိသည်။ ငလျင်၊ မုန်တိုင်း၊ ရေကြီးရေလျှံမှုနှင့်မိုးခေါင်ရေရှားမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များသည် အခြေခံအဆောက်အအုံများ၊ လယ်ယာစိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများကို ပျက်စီးစေပြီး စီးပွားရေးဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘဏ္ဍာရေးအရင်းအမြစ်နည်းပါးမှုကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည် နှေးကွေးတတ်သည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်များသည် လူသေဆုံးမှု၊ ဒဏ်ရာရမှုနှင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုများကို ဖြစ်ပေါ်စေပြီး ဆင်းရဲမှုနှင့်မညီမျှမှုကို ပိုမိုဆိုးရွားစေသည်။ သောက်သုံးရေပြတ်လပ်မှု၊ ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ထိခိုက်ခြင်းစသည်တို့ကြောင့် ပြည်သူများ၏ကျန်းမာရေးကိုထိခိုက်စေသည်။ ကျောင်းများနှင့် ပညာရေးအဆောက်အအုံများပျက်စီးခြင်းကြောင့် ကလေးများ၏ပညာသင်ကြားမှု ရပ်တန့်သွားတတ်ကာ အကျိုးဆက်အားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုကိုဦးတည်ပြီး ရေရှည်ဖွံ့ဖြိုးမှုကိုထိခိုက်စေသည်။

## ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဝိသေသများ

ဖွံ့ဖြိုးဆဲနိုင်ငံများသည် GDP နှင့် စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျကာ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုကဏ္ဍများထက် စိုက်ပျိုးရေးကို အဓိကမှီခိုနေရသည်။ လူမှုဖွံ့ဖြိုးမှုညွှန်းကိန်း (Human Development Index) ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် သက်တမ်းရှည် နေထိုင်နိုင်မှုတို့တွင် အဆင့်နိမ့်ကျကာ စာတတ်မြောက်မှုနှုန်းနည်းပါးပြီး ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အားနည်းနေတတ်သည်။ အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား၊ ရေပေးဝေရေးနှင့် ဆက်သွယ်ရေးစနစ်များတွင် အကန့်အသတ်ရှိကာ မြို့ပြဖွံ့ဖြိုးမှုနှုန်းလည်း နှေးကွေးသည်။ မွေးဖွားနှုန်းမြင့်မားပြီး သေဆုံးနှုန်းလည်း မြင့်မားနိုင်သည်။ ချမ်းသာသူနှင့် ဆင်းရဲသူအကြား ကွာဟချက်ကြီးမားသည်။ အလုပ်အကိုင်အခွင့်အလမ်း အကန့်အသတ်ရှိပြီး အလုပ်လက်မဲ့နှုန်းမြင့်မားနိုင်သည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးကာ နည်းပညာတိုးတက်မှု နှေးကွေးသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးသည် သဘာဝသယံဇာတများ (ဥပမာ- သတ္တုတွင်း၊ စိုက်ပျိုးရေး)ကို အဓိကမှီခိုနေရသည်။ ပို့ကုန်မှာလည်း အဓိကအားဖြင့် ကုန်ကြမ်းများသာဖြစ်တတ်သည်။ ကျား၊ မ တန်းတူညီမျှမှုသို့မဟုတ် လူ့အခွင့်အရေးဆိုင်ရာများတွင်လည်း စိန်ခေါ်မှုများရှိနိုင်သည်။

## သဘာဝဘေးအန္တရာယ်များ၏ အတိုင်းအဆ

သဘာဝဘေးအန္တရာယ်များသည် လူတစ်ဦးချင်းစီအပေါ်တွင် ကြီးမားသည့်သက်ရောက်မှုများရှိသလို နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု အပေါ်တွင်လည်း သက်ရောက်မှု အတိုင်းအဆကြီးမားတတ်သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားပါက သက်ရောက်မှုပမာဏအလွန်များပြားတတ်သည်။ အခြေခံအဆောက်အအုံများ(လမ်းများ၊ တံတားများ၊ စက်ရုံများ)ပျက်စီးမှုကြောင့် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုရပ်တန့်သွားနိုင်သည်။ လယ်ယာမြေများ ပျက်စီးခြင်းနှင့် သီးနှံဆုံးရှုံးမှုသည် စားနပ်ရိက္ခာဖူလုံမှုနှင့် ပို့ကုန်ဝင်ငွေကို

**ကြိုတင်ကာကွယ်မှုများအစီအစဉ်တကျဆောင်ရွက်ထားရှိခြင်းအားဖြင့် လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ (လမ်း၊ တံတား၊ ဆည်များ)ပျက်စီးမှုကို လျှော့ချနိုင်သည်။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ပိုမိုတည်ငြိမ်စေသည်။ သဘာဝဘေးကြောင့် အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရသူများ (Displaced Persons)နည်းပါးလာပြီး ဒုက္ခသည်ပြဿနာ လျော့ကျစေသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာကာ ကပ်ဘေးကြောင့်ဖြစ်ပွားသော ရောဂါများ (ဥပမာ - ရေကြီးပြီးနောက် ဝမ်းပျက်ဝမ်းလျှောရောဂါ)ကို ကာကွယ်နိုင်သည်။**

ထိခိုက်စေသည်။ ပြန်လည်ထူထောင်ရေးအတွက်ကြီးမားသော ဘဏ္ဍာရေးအရင်းအမြစ် လိုအပ်ပြီး ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရန်ပုံငွေကို လမ်းကြောင်းပြောင်းသွားစေသည်။ သဘာဝဘေးအန္တရာယ်များကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်မှုနှင့် ဆင်းရဲမှုတိုးပွားခြင်းသည် လူမှုတည်ငြိမ်မှုကို ထိခိုက်စေသည်။ ကျောင်းများနှင့် ဆေးရုံများ ပျက်စီးခြင်းကြောင့် ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ပြတ်တောက်စေကာ အကျိုးဆက်အားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုကို နှောင့်နှေးစေသည်။ လူထုအတွင်း စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများသည် ရေရှည်တွင် လူမှုဖွံ့ဖြိုးမှုကိုထိခိုက်စေနိုင်သည်။ ရေကြီးမှု၊ မြေပြိုမှုနှင့် မိုးခေါင်မှုကဲ့သို့သော ဘေးအန္တရာယ်များသည် သဘာဝအရင်းအမြစ်များ(မြေဆီလွှာ၊ ရေအရင်းအမြစ်၊ သစ်တောများ)ကို ပျက်စီးစေပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကိုထိခိုက်စေသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုပြင်းထန်လာစေကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရင်းနှီးမြှုပ်နှံရန်လိုအပ်မှုတိုးလာသည်။ သဘာဝဘေးအန္တရာယ်များသည် အစိုးရ၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးစနစ်များအတွက် ကြီးမားသောစိန်ခေါ်ချက်များကို ဖြစ်စေနိုင်သည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရင်းအမြစ်များ ဦးစားပေးအသုံးပြုရသဖြင့် အခြားဖွံ့ဖြိုးရေးမူဝါဒများ နှောင့်နှေးနိုင်သည်။ သဘာဝဘေးအန္တရာယ်များသည် အားနည်းသော လူထုအပေါ် ပိုမိုသက်ရောက်မှုရှိပြီး ဆင်းရဲမှုသံသရာကို ပိုမိုဆိုးရွားစေသည်။ သဘာဝဘေးကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုနှင့် ဝင်ငွေနည်းပါးမှုမှတစ်ဆင့် လူမှုအဖွဲ့အစည်းအတွင်း မညီမျှမှုကို ပိုမိုဖြစ်ပေါ်စေသည်။

## လျော့ပါးသက်သာစေရေး နည်းအသွယ်သွယ်

သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုများကို လျော့ပါးသက်သာစေရန် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အစီအမံများ၊ နည်းလမ်းများကို အကောင်အထည်ဖော်ထားရှိရန် လိုအပ်သည်။ ဘေးအန္တရာယ်စောင့်ကြည့်ရေးနှင့် ကြိုတင်သတိပေးစနစ်များ (ဥပမာ- မုန်တိုင်းသတိပေးချက်၊ ငလျင်စောင့်ကြည့်ရေးစနစ်) တည်ဆောက်ရန်၊ ဒေသခံလူထုအား ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးရန်နှင့် ကယ်ဆယ်ရေးလေ့ကျင့်မှုများပြုလုပ်ရန်၊ ငလျင်၊ ရေကြီးမှု၊ မုန်တိုင်းဒဏ်ခံနိုင်သော အဆောက်အအုံများ (ဥပမာ- ခိုင်ခံ့သောနေအိမ်၊ တံတားများ) တည်ဆောက်ရန်၊ ရေရှည်တည်တံ့သော မြို့ပြစီမံကိန်းများဖြင့် အန္တရာယ်ဖြစ်ပေါ်နိုင်သည့်နေရာများကို ရှောင်ရှားရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းများ (ဥပမာ- မိုးခေါင်ဒဏ်ခံသီးနှံများ) နှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုကိုမြှင့်တင်ရန်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (ဥပမာ-နေစွမ်းအင်၊ လေစွမ်းအင်)အသုံးပြုမှုကိုတိုးမြှင့်ရန်၊ အမျိုးသားအဆင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေစုဆောင်းရန်၊ ဘေးအန္တရာယ်အာမခံအစီအစဉ်များကို အကောင်အထည်ဖော်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများထံမှ ဘဏ္ဍာရေး၊ နည်းပညာနှင့် လေ့ကျင့်ရေးအကူအညီများရယူရန်၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများဖြင့် အရင်းအမြစ်များနှင့် အသိပညာမျှဝေရန်၊ အမျိုးသမီးများ၊ ကလေးများနှင့် အားနည်းသောအုပ်စုများအတွက် အထူးအကာအကွယ်နှင့်ပံ့ပိုးမှုများပေးရန် စသည့်အချက်များ အလေးထားဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ပါးသက်သာစေနိုင်သည်။

## အကျိုးကျေးဇူးများ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးရမှုလျော့နည်းစေရေးနှင့် ခံနိုင်ရည်ရှိစေရေး စီမံဆောင်ရွက်မှုများမှတစ်ဆင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများအနေဖြင့် စီးပွားရေးတည်ငြိမ်မှုရရှိပြီး ပြန်လည်ထူထောင်ရေးကုန်ကျစရိတ်များ လျော့နည်းနိုင်သည်။ လူမှုဖွံ့ဖြိုးမှုအားကောင်းလာပြီး ဆင်းရဲမှုနှင့် မညီမျှမှုများ လျော့နည်းနိုင်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပိုမိုကောင်းမွန်လာပြီး ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိလာနိုင်သည်။ သဘာဝဘေးကြိုတင်ခန့်မှန်းနိုင်ပြီး အရေးပေါ်အခြေအနေတုံ့ပြန်မှုစနစ်များ ကောင်းမွန်လာခြင်းကြောင့် သေဆုံးမှုနှုန်းလျော့ကျစေသည်။ ပြည်သူများအား ဘေးအန္တရာယ်သတိပေးစနစ်များ၊ ပညာပေးလုပ်ငန်းများဖြင့် ကြိုတင်ပြင်ဆင်နိုင်စွမ်း တိုးမြှင့်လာစေသည်။ ကြိုတင်ကာကွယ်မှုများ အစီအစဉ်တကျ ဆောင်ရွက်ထားရှိခြင်းအားဖြင့် လူနေအဆောက်အအုံများ၊ အခြေခံအဆောက်အအုံများ (လမ်း၊ တံတား၊ ဆည်များ) ပျက်စီးမှုကို လျှော့ချနိုင်သည်။ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး ပိုမိုတည်ငြိမ်စေသည်။ သဘာဝဘေးကြောင့် အိုးအိမ်စွန့်ခွာရွှေ့ပြောင်းရသူများ (Displaced Persons) နည်းပါးလာပြီး ဒုက္ခသည်ပြဿနာ လျော့ကျစေသည်။ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်လာကာ ကပ်ဘေးကြောင့်ဖြစ်ပွားသောရောဂါများ (ဥပမာ – ရေကြီးပြီးနောက် ဝမ်းပျက်ဝမ်းလျှောရောဂါ)ကို ကာကွယ်နိုင်သည်။ သစ်တောပြုန်းတီးမှုကို ကာကွယ်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းလမ်းများ ကျင့်သုံးခြင်းဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည် (Climate Resilience) တိုးမြှင့်လာစေသည်။ ရေဝေရေလဲနှင့် မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများက ရေကြီး/မိုးခေါင်မှုကို လျော့ပါးစေသည်။ သဘာဝဘေးအန္တရာယ် လျှော့ချရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ငွေကြေး၊ နည်းပညာပံ့ပိုးမှုများ ပိုမိုရရှိနိုင်သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းများဖြင့် ပြည်သူများ၏ဘေးဒဏ်ခံနိုင်ရည် (Resilience) တိုးတက်လာစေသည်။

## နိဂုံး

သဘာဝဘေးအန္တရာယ်များသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေးနှင့် ဖွံ့ဖြိုးမှုအလားအလာများကို သိသာစွာထိခိုက်စေသည်။ သို့သော် ကြိုတင်ပြင်ဆင်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့် သဘာဝဘေးအန္တရာယ်များ၏ သက်ရောက်မှုကို လျော့ပါးစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်သည်။ ဤဗျူဟာများကို ဒေသအလိုက်လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်အကောင်အထည်ဖော်ရန်လိုအပ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်လျှော့ချရေးအတွက် ကြိုတင်ကာကွယ်မှုမူဝါဒများ၊ အခြေခံအဆောက်အအုံခိုင်မာရေးများအပြင် ပြည်သူများအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# သစ်ပင်စိုက်ပျိုးခြင်းဖြင့် နောင်အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောရာသီဥတုကို လက်ဆင့်ကမ်းပေးသွားနိုင်ရေးမှာကြား

**နေပြည်တော်  မေ ၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ မေလ ၆ ရက် ညနေပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် နမ့်လွေကြိုးဝိုင်းအတွင်းရှိ ၁/၂၀၂၃ ထင်းရှူးစိုက်ခင်းဧက ၅၀ နှင့် ၂/၂၀၂၂ ထင်းရှူးစိုက်ခင်းဧက ၁၀၀ တို့ ရှင်သန်အောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပင်များရေရှည်တည်တံ့စေရေး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာကြားသည်။





မေလ ၇ ရက်နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် သစ်တောသစ်ပင်များ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots ဖြစ်ပွားမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော မီးလောင်ကျွမ်းမှုများ၏ အဓိကအကြောင်းရင်းများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်စေသော မီးလောင်ကျွမ်းမှု Fire Hotspots များမဖြစ်ပေါ်စေရန်နှင့် တောမီးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို အားလုံးပူးပေါင်း၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရေးသည် အရေးကြီးကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောသစ်ပင်များ၏ တန်ဖိုးကိုသိရှိပြီး ထိန်းသိမ်းကာကွယ်ရေးနှင့်သစ်ပင်စိုက်ပျိုးခြင်းဖြင့် နောင်အနာဂတ်မျိုးဆက်များအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သောရာသီဥတုကို လက်ဆင့်ကမ်းပေးသွားနိုင်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် လူသားတို့၏ကျန်းမာရေးအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက သစ်တောများမှ ပံ့ပိုးပေးနေသော အကျိုးကျေးဇူးများနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး "မမြင်နိုင်သော လူသတ်သမား PM 2.5" ပညာပေး ဗီဒီယိုကိုပြသကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖြတ်မြို့ မြို့တော်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆက်စပ်အဖွဲ့အစည်းများ၊ ဒေသခံများနှင့်တွေ့ဆုံ၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် Fire Hotspots လျှော့ချရေး၊ သစ်တောနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တာချီလိတ်မြို့နယ်ရှိ ၁/၂၀၂၂ ကျေးရွာထင်းစိုက်ခင်း ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တာချီလိတ်မြို့နယ် တာလေဒေသရှိသတ္တုလုပ်ကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ္တုတူးဖော်ရေး လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရေးနှင့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ ကျင်းပသွားမည်

**ရန်ကုန်  မေ ၈**

မန္တလေးငလျင်ကြီးဘေးဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို မေလ ၁၀ ရက်မှ ၁၂ ရက်အထိ ည ၆ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကပြဖျော်ဖြေသွားမည်ဖြစ်သည်။




မေလ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစီအစဉ်ဖြင့်လည်းကောင်း၊ မေလ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့်လည်းကောင်း၊ မေလ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေသွားမည်ဖြစ်သည်။

မေလ ၁၀ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက နာမည်ကျော်ရုပ်ရှင်အနုပညာရှင်များ၏ ဇာတ်ဝင်တေးသီချင်းများကိုလည်းကောင်း၊ အောင်ခေတ်မင်း ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်တင်ဆက်သည့် ဒါရိုက်တာသန်းထိုက်(ရွှေရိပ်)၊ သရုပ်ဆောင် ကျော်ထက်အောင်၊ ကျော်ထက်ဇော်၊ မင်းတော်ဝင်၊ ခင်ဇာခြည်ကျော်၊ အေးဝတ်ရည်သောင်း၊ မမဆောင်းနှင့် သရုပ်ဆောင်များစွာပါဝင်သော **"အချစ်ဆုံးအပေါင်ဆိုင်"** ဟာသတစ်ခန်းရပ်ပြဇာတ်ကိုလည်းကောင်း၊ HEY Play Application က စီစဉ်တင်ဆက်သည့် ဒါရိုက်တာတင်မောင်ဆန်းမင်းဝင်း၏ နက္ခတ်၊ စိုင်းစည်တွမ်ခမ်း၊ နေထွဋ်၊ နော်ဖေအယ်ထား၊ မေပန်းချီ၊ မေလသံစဉ်နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ပြည်သူ့အချော့တော်"** တေးသရုပ်ဖော်ပြဇာတ်ကိုလည်းကောင်း၊ Bo Bo ရုပ်ရှင်ထုတ်လုပ်ရေးနှင့် Triple Six ရုပ်ရှင်ထုတ်လုပ်ရေးတို့ ပူးပေါင်းတင်ဆက်သည့် ဒါရိုက်တာ စိုးမိုးမင်း၊ သက်ဦးမောင်၊ သရုပ်ဆောင် ကောင်းမြတ်စံ၊ ရှင်မွေလ၊ မင်းဘုန်းမြတ်၊ ခြူးလေး၊ ခြူးစစ်ဟန်တို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ငါတို့ အားလုံးလူ ... အတူတူ"** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာညီမြင်းလွင်၏ ရန်အောင်၊ သားညီ၊ မာန်ဟိန်း၊ စည်သူမောင်၊ မြယာတို့နှင့် သရုပ်ဆောင်များစွာပါဝင်သော **"ဖုတ်သွင်းရထား"** ပြဇာတ်ကိုလည်းကောင်း၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ သရုပ်ဆောင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ထွန်းထွန်း၊ ရဲလေးနှင့် သရုပ်ဆောင်များ၊ အကအဖွဲ့များပါဝင်သည့် **"မနက်ဖြန်များ လှပါစေ"** တေးအော်ပရာကိုလည်းကောင်း ဝေဝေဆာဆာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေလ ၁၁ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့် ဂီတအနုပညာရှင်များဖြစ်သည့် နွဲ့ယဉ်ဝင်း၊ ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ကိုင်ဇာ၊ စည်သူလွင်၊ ဇော်ပိုင်၊ ဝေလ၊ ပူစူး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဟဲလေး၊ လွှမ်းပိုင်၊ မေခလာ၊ L ဆိုင်းဇီ၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ မီးနို၊ ဆိုင်စံ၊ ချမ်းမြေ့မောင်ချို၊ အိုင်းရင်းဇင်မာမြင့်တို့၏ သီဆိုဖျော်ဖြေမှုကို ဥက္ကာဦးသာနှင့် Immortal Band တို့ ပေါင်းစပ်အားဖြည့်ထားသည့် ဂီတဖျော်ဖြေပွဲအား တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မေလ ၁၂ ရက်တွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အစီအစဉ်ဖြင့် နာမည်ကျော် ဇာတ်သဘင် မင်းသား၊ မင်းသမီးများ၏ တေးအော်ပရာ၊ ပြဇာတ်၊ နှစ်ပါးသွားအစီအစဉ်များအပြင် ဆပ်ကပ်အဖွဲ့၏တင်ဆက်မှုများဖြင့် အားဖြည့်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ပဒေသာကပွဲကို အားပေးလိုသူ အနုပညာချစ်ပရိသတ်များ အနေဖြင့် Hot Line နံပါတ်များဖြစ်သော ၀၉-၈၈၀၉၄၂၇၉၂၊ ၀၉-၈၈၀၉၄၂၇၉၃ တို့အား ဆက်သွယ်မေးမြန်း၍ လက်မှတ်များ ဝယ်ယူအားဖြည့်ကုသိုလ်ပါဝင်နိုင်ကြောင်း သိရှိရသည်။

**FDC**

# မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော်  မေ ၈**

မန္တလေးမြို့ရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယနေ့မွန်းလွဲပိုင်းတွင် Yoma Group က ငွေကျပ်သိန်း ၁၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(DMC) ရုံးသို့လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ်၊ Etnomir ယဉ်ကျေးမှုနယ်မြေသို့သွားရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာရှိ သံဃာတော်အရှင်သူမြတ်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ကာလုဂါပြည်နယ်၊ Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာကြည့်ရှုစဉ်။

နေပြည်တော် မေ ၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာနှင့် ကာလုဂါပြည်နယ်၊ Etnomir ယဉ်ကျေးမှုနယ်မြေသို့ ယနေ့(မေလ ၈ ရက်)တွင် သွားရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာသို့ ထွက်ခွာခဲ့ကြသည်။

မြန်မာထေရဝါဒဗုဒ္ဓဝိဟာရစင်တာသို့ ရောက်ရှိချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်များဟောကြားသည့် အနုမောဒနာတရားကိုနာယူခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ကာလုဂါပြည်နယ်၊ Etnomir ယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ကာလုဂါပြည်နယ်၊ Etnomir ယဉ်ကျေးမှု နယ်မြေသို့ရောက်ရှိချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် Etnomir ယဉ်ကျေးမှုနယ်မြေအတွင်း တည်ထားသည့် ရွှေစည်းခုံပုံတူစေတီတော်အား ဖူးမြော်ကြည်ညိုခြင်း၊ ယဉ်ကျေးမှုနယ်မြေအတွင်းသို့ လှည့်လည်လေ့လာကြည့်ရှုခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

(၁၀၀)

# ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၈

ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များအတွက် နည်းပညာ (Knowledge Sharing) ဆွေးနွေးပွဲကို ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁၁) အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ရုံးအဆောက်အအုံများ၊ အထူးအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆောက်အအုံများပျက်စီးမှုအနည်းအများအလိုက် အပြာရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အနီရောင်အဆင့်အဖြစ် ခွဲခြားသတ်မှတ်ခဲ့ကြောင်း၊ သာမန်ပျက်စီးမှုဖြစ်သည့် အပြာရောင်အဆင့်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို ပြန်လည်ပြုပြင်နေပြီဖြစ်ကြောင်း၊ လိမ္မော်ရောင်အဆင့်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံပျက်စီးမှုများကို နည်းပညာရှင်များ၏အကူအညီကိုရယူပြီး ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပျက်စီးမှုကြီးမားသည့် အနီရောင်အဆင့်သတ်မှတ်ထားသောအဆောက်အအုံများ အားလုံးဖြိုဖျက်ရန်မလိုအပ်သောကြောင့် နည်းပညာအသုံးပြု၍ ပြန်လည်ပြုပြင်နိုင်သောအဆောက်အအုံများကိုရွေးထုတ်ပြီး မည်ကဲ့သို့ဆောင်ရွက်သင့်သည်ကိုသိရှိရန် နည်းပညာဖြန့်ဝေသည့်အနေဖြင့် Knowledge Sharing ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း။

Level-1(အဆင့်-၁)တွင် အနီရောင်အဆင့်သတ်မှတ်ထားသောအဆောက်အအုံများကို Structure ပညာရှင်များပါဝင်သောအဖွဲ့နှင့် Level-2(အဆင့်-၂)စစ်ဆေးရန်လိုအပ်ကြောင်း၊ အချို့အဆောက်အအုံများအား Strengthening ပြန်လည်ပြုလုပ်ရန် Repair နှင့် Retrofit ပြုလုပ်ရမည်ဖြစ်ကြောင်း၊ တချို့ Structure ကြီးကြီးမားမားထိခိုက်သည့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ရန်မရနိုင်သည့်အတွက် ဖယ်ရှားရှင်းလင်းရမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ငလျင်နှင့်ပတ်သက်၍ ခေါင်းစဉ်သုံးမျိုးအကြောင်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ငလျင်ကော်မတီမှပညာရှင် ဦးစောထွေးဇော်က မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့်အဆောက်အအုံများ ပြန်လည်ပြုပြင်ရမည့်အခြေအနေ၊ ငလျင်ဖြစ်ပေါ်ရသည့် အခြေခံသဘောတရားများနှင့် Structural Assessment Framework and Approach for Unsafe (red) Building ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးစန်းကြူက Detail Assessment , Restoration and Retrofitting of Seismic Affected Buildings ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ဦးထင်အောင်က Forensic Engineering using Seismo Build Software ခေါင်းစဉ်ဖြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောအဆောက်အအုံများကို Software အသုံးပြု၍ အဆောက်အအုံ၏ခံနိုင်ရည်အားစစ်ဆေးခြင်းနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း Power Point များဖြင့် ရှင်းလင်းတင်ပြဆွေးနွေးကြသည်။



ယင်းနောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့်ပညာရှင်များ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးလုပ်ငန်းအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ငလျင်ဒဏ်သင့်အဆောက်အအုံများကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေသောကုမ္ပဏီများမှ အင်ဂျင်နီယာများက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြပြီး ပညာရှင်များက ပြန်လည်ဖြေကြားကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် မြန်မာမြို့ပြအခြေခံအဆောက်အဦဖွံ့ဖြိုးရေးအသင်းတို့မှ တာဝန်ရှိသူများ၊ မြေပြင်တွင် အဆောက်အအုံ ပြုပြင်ခြင်းဆောင်ရွက်နေသည့် တည်ဆောက်ရေးကုမ္ပဏီများမှ အင်ဂျင်နီယာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြား

**နေပြည်တော်　မေ　၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RT TV Channel နှင့် Krasnaya Zvezda သတင်းစာတို့၏ တွေ့ဆုံမေးမြန်းမှုများအား မော်စကိုမြို့၊ Ararat Park ဟိုတယ်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံ၍ သိရှိလိုသည့်မေးမြန်းမှုများကို ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RT TV Channel မှအယ်ဒီတာချုပ်၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

ထိုသို့တွေ့ဆုံမေးမြန်းရာတွင် RT TV Channel မှ အယ်ဒီတာချုပ်နှင့် Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်တို့၏ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုနှင့် နိုင်ငံတကာမှ ကယ်ဆယ်ရေးနှင့်အကူအညီပေးရေးဆိုင်ရာများကို ကူညီဆောင်ရွက်ပေးခဲ့မှု၊ လူသားချင်းစာနာထောက်ထားမှုဆက်ဆံရေးအပြင် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀) ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားဆိုင်ရာသမိုင်းကြောင်းအပေါ် ထင်မြင်ချက်များ၊ မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြတပ်ဖွဲ့တစ်ဖွဲ့အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ယခုစစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့်အပေါ် သဘောထားအမြင်၊ အာဆီယံဒေသအတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍ စသည်တို့နှင့် အခြားသိရှိလိုသည်များအားမေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည့်ပြည့်စုံစုံရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံအား ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်းမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သတင်းဌာနများမှ အမှတ်တရလက်ဆောင်ပစ္စည်းများ၊ Krasnaya Zvezda သတင်းစာ၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်တံဆိပ်နှင့် စာအုပ်တို့ကို ဂါရဝပြုပေးအပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ်တရလက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က RT TV Channel မှ အယ်ဒီတာချုပ်နှင့် တာဝန်ရှိသူတို့အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်၏ မေးမြန်းမှုများကို ဖြေကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်က Krasnaya Zvezda သတင်းစာ၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်တံဆိပ်နှင့်စာအုပ်တို့ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Krasnaya Zvezda သတင်းစာမှ အထူးသတင်းထောက်အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအားကြည့်ရှုအားပေး

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ မေလ ၇ ရက် ဒေသစံတော်ချိန်ညပိုင်းတွင် State Academic Bolshoi Theatre သို့ ရောက်ရှိကြပြီး ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။


ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် State Academic Bolshoi Theatre သို့ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ တာဝန်ရှိသူများ၊ အထိမ်းအမှတ်ကပွဲသို့ လာရောက်ကြည့်ရှုကြသူများနှင့်အတူ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အဖြစ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုအား ကြည့်ရှုအားပေးကြသည်။

ကပြဖျော်ဖြေမှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းကို ပေးအပ်ချီးမြှင့်ခဲ့ရာ ကဇာတ်ရုံမှတာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။


အဆိုပါ State Academic Bolshoi Theatre သည် ကမ္ဘာ့အကျော်ကြားဆုံး ကဇာတ်ရုံများထဲမှတစ်ခုဖြစ်ပြီး ၁၉ နှင့် ၂၀ ရာစုများအတွင်း Bolshoi ကဇာတ်ရုံသည် Tchai-kovsky၊ Glinka နှင့် Mussorgsky တို့၏ လက်ရာများ ပထမဆုံးဖျော်ဖြေခဲ့သည့် ရုရှားအော်ပရာနှင့် ဘဲလေးအနုပညာတို့၏ ယဉ်ကျေးမှုဗဟိုအချက်အချာနေရာဖြစ်လာခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အကြီးစားပြန်လည်မွမ်းမံမှုများ ပြုလုပ်ခဲ့ပြီး ခေတ်မီစက်ပစ္စည်းများတပ်ဆင်ကာ သမိုင်းဝင်အဆောက်အဦ၏အလှကို ပြန်လည်ထိန်းသိမ်းခဲ့ကြောင်း၊ ယနေ့အချိန်တွင် Bolshoi ကဇာတ်ရုံသည် ရုရှားယဉ်ကျေးမှု၏ သင်္ကေတတစ်ခုအဖြစ် ကမ္ဘာ့အဆင့်မီ အနုပညာဖျော်ဖြေမှုများကို ဆက်လက်တင်ဆက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko နှင့်တာဝန်ရှိသူများကကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် "The Young Lady and The Hooligan" ဘဲလေးအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။





MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attends dinner hosted by President of the Russian Federation Mr. Vladimir Putin, together with other heads of states

NAY PYI TAW May 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is in Moscow to attend the 80th Anniversary Victory Day military parade of the Great Patriotic War (1941-1945) to be held in Russian Federation, attended the dinner, hosted by President of the Russian Federation Mr. Vladimir Putin at Kremlin at local time evening, together with other heads of states.

First,President of the Russian Federation Mr. Vladimir Putin greeted Senior General Min Aung Hlaing and other heads of states, who are going to attend the 80th Anniversary Victory Day military parade of the Great Patriotic War (1941-1945), at the Kremlin.

Afterwards, the Senior General and other heads of state, accompanied by the Russian President, enjoyed a dance performance staged in honour of the 80th Anniversary Victory Day of the Great Patriotic War (1941-1945) at Andereevsky hall.

They then enjoyed the dinner together with the Russian President at the Aldxandrovsky hall.

After the dinner, the Russian President cordially greeted the Senior General and other heads of states, who attended the dinner. **100**



Senior General Min Aung Hlaing shakes hands with President of the Russian Federation Mr. Vladimir Putin.



Senior General Min Aung Hlaing and other heads of state enjoy the dinner hosted to commemorate the 80th Anniversary Victory Day of the Great Patriotic War (1941-1945) by President of the Russian Federation Mr. Vladimir Putin.

# SAC Chairman Prime Minister Senior General Min Aung Hlaing, his wife Daw Kyu Kyu Hla and delegation members enjoy ballet performances to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945



Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy the ballet performance.

NAY PYI TAW May 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla together with delegation members who are in Moscow to attend the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 to be held in the Russian Federation arrived at the State Academic Bolshoi Theatre at night on 7 May and enjoyed the "The Young Lady and The Hooligan" ballet performances to mark the 80th Anniversary of the Victory in the Great Patriotic War1941-1945.

At the State Academic Bolshoi Theatre, the Senior General, his wife and party were welcomed by Speaker of the

See Page - 19

# Daw Kyu Kyu Hla holds discussion with Speaker of the Federation Council of the Federal Assembly of the Russian Federation



Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, holds talks with Mrs. Valentina Matvienko, the Speaker of the Federation Council of the Federal Assembly of the Russian Federation.

NAY PYI TAW May 8

Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is accompanying him on his visit to the Russian Federation, met and held discussions today with Mrs. Valentina Matvienko, Speaker of the Federation Council of the Federal Assembly of the Russian Federation , at the Federation Council office in the morning (local time).

First, the Speaker of the Federation Council warmly welcomed and greeted Daw Kyu Kyu Hla and her delegation. Following this, the wife of the Senior General signed the guestbook.

Afterwards, the Speaker of the Federation Council introduced the Russian officials in attendance, while Daw Kyu Kyu Hla introduced the members of the Myanmar delegation.

Following this, the meeting was held in the reception hall, where the Speaker of the Federation Council of the Federal Assembly of the Russian Federation expressed deep sorrow over the damage and losses caused by the major earthquake in Mandalay, Myanmar. She stated that the Russian Federation would provide necessary assistance in reconstruction efforts. She also mentioned that the Russian Federation has women's welfare programs and holds the Eurasian Women's Forum every three years. The forum addresses challenges faced by women and children, and she expressed hope that Myanmar could also participate in such women-focused initiatives in the future.

In response, the wife of the Senior General expressed profound gratitude for the aid and support extended by the Russian Federation and the international community following the earthquake disaster in Myanmar. She emphasized that Russia's multifaceted assistance has been greatly beneficial to Myanmar and pledged to further strengthen collaborative efforts.

Afterwards, the wife of the Senior General and the Speaker of the Federation Council of the Federal Assembly of the Russian Federation held a cordial discussion on potential cooperation between the two countries in the fields of education and economy.

At the end of the meeting, Daw Kyu Kyu Hla and the Speaker of the Federation Council exchanged commemorative gifts and posed for a group photo with attendees. **100**

●● **From Page - 18**

Federation Council Mrs. Valentina Matvienko and officials. The Senior General, his wife and delegation members along with officials from the Russian Federation and audiences enjoyed the ballet performance. "The Young Lady and The Hooligan" to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945.

After the performances, the Senior General and his wife presented a flower basket for the entertainment troupes through an official.

The State Academic Bolshoi Theatre is one of the most famous theatre across the world and it became a focal point of Russian Operas and Ballet Performances presented by Tchaikovsky, Glinka and Mussorgsky in the 19th and the 20th centuries. The major renovation was carried out at theatre from 2005 to 2011. It was facilitated with modern machines to maintain the beauty of a historic building. At present, the Bolshoi Theatre becomes a cultural symbol of Russia and presents world-class artistic performances.

**100**



A ballet performance in progress.

## State Administration Council
## Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

►► From Page - 21

daily of Russia at Ararat Park Hotel in Moscow at local time this morning.

At the interviews, the Senior General gave comprehensive answers to the questions about the Mandalay earthquake and the arrival of international rescue and relief aid, cooperation in multi-sectors including relations based on humanitarian activities between the Russian Federation and Myanmar, opinions on the history of the 80th Anniversary Victory Day of the Great Patriotic War (1941-1945) of Russian Federation, views on the participation of a military parade team representing Myanmar Tatmadaw for the first time in the event, Myanmar's role in the ASEAN region and other issues asked by the chief editor of RT TV Channel and a special reporter of Krasnaya Zvezda. The full text of the interviews will appear later.

After the interviews, the Senior General accepted the commemorative gifts of the media departments and the badge and a book marking the centenary of the Krasnaya Zvezda daily. He also presented them commemoratives gifts and extended cordial greetings.

**100**



Senior General Min Aung Hlaing accepts a commemorative gift from Krasnaya Zvezda daily.

# Daw Kyu Kyu Hla, wife of SAC Chairman Prime Minister Senior General Min Aung Hlaing, holds talks with BRICS Women's Business Alliance of Russian Federation Chairperson Ms. Anna Nesterova

NAY PYI TAW May 8

Daw Kyu Kyu Hla, the wife of the Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied the Senior General on his visit to the Russian Federation and held talks with Chairperson of the BRICS Women's Business Alliance of the Russian Federation Ms. Anna Nesterova at the Federation Council Office of the Russian Federation this morning local time.

Also present together with the wife of the Senior General were Daw Nilar, the wife of the joint secretary of the SAC, the wife of the Chief of General Staff (Army, Navy and Air), Vice Chairperson of the Myanmar Women's Affairs Federation Daw Khin May Soe, the wife of the Myanmar ambassador to the Russian Federation and officials while the chairperson of the BRICS Women's Business Alliance was accompanied by officials.

First, the wife of the Senior General and delegation were cordially greeted by the chairperson of the BRICS Women's Business Alliance of the Russian Federation.

Then, they frankly discussed participation of women from governments and various business fields in the upcoming BRICS Forum, opening of branch offices of BRICS WBA in countries in the world and possibilities of opening BRICS WBA offices of Myanmar in other countries if interested, the needs to recognize the role of women in current international affairs, the needs to recognize and encourage participation of women not only in daily social activities but also in international affairs with bravery, trust, diligence, leadership and innovation, measures taken by Myanmar to enhance the sector of women entrepreneurship, further cooperation in the education and women' affairs sectors between the two countries.

After the discussions, the wife of the Senior General and the chairperson of the BRICS Women's Business Alliance of the Russian Federation exchanged gifts and posed for documentary photographs together with the participants.

In the afternoon, the wife of the Senior General and the delegation visited the State Tretyakov Gallery in Moscow and were conducted around the gallery by the in-charge and officials. The wife of the Senior General made some questions of interest.

The State Tretyakov Gallery is a world-famous gallery that houses the most important cultural art works of Russia, displaying characteristics and traditions and the mindset, historical traditions and arts of the Russians through artistic works. It is also a gallery that helps visitors including not only adults but also children to learn the high value and standards of arts of the Russians.

**100**




Daw Kyu Kyu Hla, wife of the SAC Chairman Prime Minister Senior General Min Aung Hlaing, holds talks with BRICS Women's Business Alliance of the Russian Federation Chairperson Ms. Anna Nesterova in Moscow.

# SAC Chairman Prime Minister Senior General Min Aung Hlaing meets Kazakhstani President H.E. Mr. Kassym-Jomart Tokayev

NAY PYI TAW May 8

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing who is currently in Moscow to attend the military parade to mark the 80th Anniversary of the Victory in the Great Patriotic War 1941-1945 to be held in the Russian Federation held a meeting with H.E. Mr. Kassym-Jomart Tokayev, President of the Republic of Kazakhstan, at Ritz Carlton Hotel this evening.

Also present at the meeting were Council Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Myanmar Ambassador to the Republic of Kazakhstan U Thit Linn Ohn. The President of the Republic of Kazakhstan was accompanied by officials.



Senior General Min Aung Hlaing holds talks with H.E. Mr. Kassym-Jomart Tokayev, President of the Republic of Kazakhstan.

At the meeting, the President of the Republic of Kazakhstan said that he expressed his deep sorrow with the government and people of Myanmar for the losses and damages sustained due to the major earthquake that occurred in Mandalay of Myanmar. He said he also believes that, through joint efforts between the government and the people, recovery and reconstruction efforts will be carried out effectively and that the country will be able to overcome this difficult time.

In his response, the Senior General said that it has now been 25 years since diplomatic relations were established between Myanmar and Kazakhstan. The Ambassador of Myanmar to Kazakhstan has presented the letter of Credentials to His Excellency of Kazakhstan in April 2025. In response to the major Mandalay earthquake that occurred in Myanmar, the Senior General highlighted that he deeply appreciate a letter of condolence sent by the His Excellency of Kazakhstan expressing his sympathy for the loss of lives and property, and offering support for Myanmar. Myanmar, for its part, will continue to enhance cooperation with Kazakhstan.

The Senior General and the Kazakhstani President exchanged views on promotion of bilateral cooperation measures.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing answers questions of RT TV Channel and Krasnaya Zvezda daily of Russian Federation at media interviews



RT TV Channel interviews Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.



Senior General Min Aung Hlaing answers questions of Krasnaya Zvezda daily.

NAY PYI TAW May 8

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who is in the Russian Federation, answered the questions at the interviews conducted separately by RT TV Channel and Krasnaya Zvezda

See Page - 20►►

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မန္တလေးတိုင်းဒေသကြီးရှိ ကျောင်းများတွင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် တွေ့ဆုံအားပေး

## ပြင်ဦးလွင်ခရိုင်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူအင်အား၏ ၉၉ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိ

နေပြည်တော် မေ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ မွန်းလွဲပိုင်းတွင် မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်းနှင့်အောင်မြေသာစံမြို့နယ် အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စခန်းသွင်းသင်ကြားလေ့ကျင့်နေသည့် တက္ကသိုလ် ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာ ဆရာ၊ ဆရာမများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းအဆင့်သည် အခြေခံပညာအဆင့်တွင် အဆင့်အမြင့်ဆုံးဖြစ်ပြီး နိုင်ငံတကာ "စံ" အရ တက္ကသိုလ်ဝင်ခွင့် အသိအမှတ်ပြု စာမေးပွဲဖြစ်သည့်အတွက် အလွန်အရေးကြီးကြောင်း၊ ငလျင်ဒဏ်မှ ရုန်းထွက်၍ မိမိရည်မှန်းချက်အတိုင်း ယခုကဲ့သို့ မလျှော့သောဇွဲလုံ့လဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်မှုများသည် ဘဝတစ်လျှောက်ကြုံတွေ့နိုင်မည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် အဓိကကျသည့် စိတ်ခွန်အားတစ်ခုပင်ဖြစ်ကြောင်း၊ ယခု Grade-12 စာမေးပွဲအား အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရန် ကျောင်းသား၊ ဆရာ၊ မိဘများ တက်ညီလက်ညီ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အစိုးရအဖွဲ့အစည်းအသီးသီးမှလည်း အထူးအလေးထားကြပ်မတ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်ခရိုင်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူအင်အား၏ ၉၉ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည်ကို တွေ့ရှိသဖြင့် အလွန်အားရကျေနပ်မိကြောင်း၊ ကျန်ရှိနေသော အခက်အခဲရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အမြန်ဆုံးရောက်ရှိပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုလိုအားသွန်ခွန်စိုက် လာရောက်သင်ကြားပို့ချပေးသည့် ဆရာ၊ ဆရာမများကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုကြောင်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးကို ဂရုပြုဆောင်ရွက်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့် စခန်းသွင်းဝင်ရောက်ရေး၊ ဆရာ၊ ဆရာမများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဆင်ပြေချောမွေ့စေရေးတာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေတို့အား သွားရောက်ကြည့်ရှု၍ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂)ကြိမ်မြောက်လှူဒါန်းသည့် အောက်တိန်း 92 တန် ၁၇၀၀၀ ကို ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်

ရန်ကုန် မေ ၈

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၂)ကြိမ်မြောက် လှူဒါန်းသည့် အောက်တိန်း 92 တန် ၁၇၀၀၀ တင်ဆောင်လာသော သင်္ဘော T YU DONG သည် မေလ ၇ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Max Energy Terminal သို့ ရောက်ရှိသည်။

ထိုသို့ ရောက်ရှိလာသည့် အောက်တိန်း 92 တန် ၁၇၀၀၀ အား ယနေ့နံနက်ပိုင်းတွင် လွှဲပြောင်းလက်ခံရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှတာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် တရုတ်သံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံသည်။

အဆိုပါရောက်ရှိလာသည့် အောက်တိန်းများကို ငလျင်ဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခါ၊ ဇွဲထက်ကို(ပြန်/ဆက်)




# ၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ



ရန်ကုန် မေ ၈

၂၀၂၅ ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဦးစွာ မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ၁ မိနစ် ငြိမ်သက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်က နှုတ်ခွန်းဆက်စကားပြောကြားကာ ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်မှတ်တမ်းဗီဒီယိုကိုပြသသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ်ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းမှ ဌာနေကိုယ်စားလှယ် Ms. Nadia Khoury နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ဌာနေကိုယ်စားလှယ် Mr. Arnaud de BAECQUEတို့က ဂုဏ်ပြုစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသက် ၆၅ နှစ်ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ လုပ်သက် ၁၅ နှစ်ပြည့်နှင့် လုပ်သက် ၃၀ ပြည့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အကြိမ်(၁၀၀)နှင့်အထက် သွေးလှူရှင်များနှင့် လူမှုထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် မိတ်ဖက်အမျိုးသား ကြက်ခြေနီအသင်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၀ ခုနှစ်၊ ဧပြီလ ၁ ရက်(၁၃၀၁ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်)**မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်) နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၅)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် ငါးခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ **၂၀၂၅ ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့အထိ** ကိုယ်ဝန်ဆောင်အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်ခံစားခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်)နီးစပ်ရာလူမှုဝန်ထမ်းရုံးများသို့ (၂၅-၆-၂၀၂၅)ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

## တောင်ကြီးမြို့နယ်နှင့် နမ့်စန်မြို့နယ်တို့ရှိ အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများအား ကြည့်ရှုအားပေး၊ အထူးစားပွဲများပြုလုပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် မေ ၈

အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) (တောင်ကြီးစခန်း)၌ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများအတွက် အထူးနေ့လယ်စာစားပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။ ယင်းနောက် အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများက တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်တွင် အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။ ညပိုင်းတွင် နမ့်စန်တပ်နယ်သင်တန်းသားရိပ်သာ၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများ၊ သင်တန်းနည်းပြများနှင့်အတူ ဂုဏ်ပြုညစာအား အတူတကွသုံးဆောင်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများမှ တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှုများကိုကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း အခြေခံလေကြောင်းလူငယ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ ဂုဏ်ပြုညစာအား အတူတကွသုံးဆောင်စဉ်။

(၁၀၀)

## မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်အောင်မြင်ဘုမ္မာကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသော မိုင်းဆတ်တပ်နယ်အသင်းအား ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် မေ ၈

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့၊ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ စစ်သည်၊ ရဲမေများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သေနတ်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ပစ်ခတ်မှုများအား ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့်ဒိုင်းဆုရရှိသော မိုင်းဆတ်တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ၁၀ သင်းတို့ဖြင့် မေလ ၂ ရက်မှ ယနေ့အထိပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ % လျှော့ကောက်ထားခြင်းလုပ်ငန်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ငွေ တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ ပုံစံ (၂၅/၂၆)

နေပြည်တော် မေ ၈

လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ % လျှော့ကောက်ထားခြင်းလုပ်ငန်းအစီအစဉ်နှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ငွေ တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ ပုံစံ (၂၅/၂၆) တို့အား ကြေညာအပ်ပါသည်။

## လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ % လျှော့ကောက်ထားခြင်းလုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| ၁ | မန္တလေးလျှော်ဘေးဒဏ်သင့် ဒေသများ သတ်မှတ်ခြင်း | မန္တလေးလျှော်ဘေးဒဏ်သင့်ဒေသများအဖြစ် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ကို သတ်မှတ်ခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |
| ၂ | အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း | - "သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀%" နှင့် သက်ဆိုင်သော အမိန့်ကြော်ငြာစာကိုထုတ်ပြန်ခြင်း၊ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးချိန်မှစ၍ ၃ လအတွင်း အကျိုးခံစားခွင့် လျှော့ကောက်ထားခြင်း၊<br>- (၃) လကျော်လွန်သွားသော လျှော့ကောက်လွှာများအား အရေးယူဆောင်ရွက်မှုမပြုခြင်း။ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား |
| ၃ | အလုပ်ရှင်၊ အလုပ်ဌာနများမှ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ အကျုံးဝင်သော အာမခံအလုပ်သမားများအတွက် သတ်မှတ် စာရွက်စာတမ်းများ ပြုစုပေးပို့တင်ပြခြင်း | - အလုပ်ရှင်များအနေဖြင့် မိမိတို့၏အလုပ်ဌာနတွင် မှတ်ပုံတင်ပြီး အာမခံအမှတ် (SSN-Social Security Number) ရရှိထားသည့် လက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသော အာမခံထားသူများအနက်မှ ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေး ပေးဆောင်ထားပြီး မန္တလေးလျှော်ဘေးဒဏ်သင့်ခဲ့သော အာမခံအလုပ်သမားများသည် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% ကို လျှော့ကောက်ထားနိုင်ခြင်း၊ အကျိုးခံစားခွင့် ၄၀% တွက်ချက်ရာတွင် သင်/အာမခံအလုပ်သမားသည် လစာဝင်ငွေ ကျပ် ၁၄၄,၀၀၀ ရရှိပါက အကျိုးခံစားခွင့် ထောက်ပံ့ငွေ ၄၀% ကျပ် ၅၇,၆၀၀/-ရရှိပါမည်။<br>- အလုပ်ရှင်သည် မိသားစုထောက်ပံ့အကျိုးခံစားခွင့် ၄၀% အကျုံးဝင်သည့် အာမခံအလုပ်သမား အမည်စာရင်းကို အောက်ပါ စာရွက်စာတမ်းများနှင့်အတူပြုစု၍ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ တင်ပြခြင်း-<br>(က) အလုပ်သမားတစ်ဦးချင်းစီအတွက် "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ" ပုံစံ(၂၅/၂၆) (ပူးတွဲပါပုံစံ)တွင် အချက်အလက် ပြည့်စုံစွာ ဖြည့်စွက်တင်ပြရန်၊<br>(ခ) ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲတင်ပြရန်၊<br>(ဂ) အာမခံအလုပ်သမား၏ ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄) ပုံ ပူးတွဲတင်ပြရန်၊<br>(ဃ) မိမိပိုင်ပစ္စည်းဥစ္စာဆုံးရှုံးသွားကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပူးတွဲရန်၊<br>(င) အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ထုတ်ပေးထားသော အိမ်ထောင်စုစာရင်း မိတ္တူပူးတွဲရန်၊ | အလုပ်ရှင်၊ အကျုံးဝင်သော အာမခံအလုပ်သမား<br><br>အလုပ်ရှင်များ၊ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများ |
| ၄ | သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေး ရုံးများမှ စိစစ်ခြင်းနှင့်လူမှုဖူလုံ ရေးအဖွဲ့(ရုံးချုပ်)သို့တင်ပြခြင်း | - သံသယရှိသော လျှော့ကောက်လွှာများကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် အလုပ်ရှင်များမှ တင်ပြလာသည့် မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀% အကျုံးဝင်သူ အာမခံအလုပ်သမားများ၏ လျှော့ကောက်လွှာများကို စာရွက်စာတမ်းပြည့်စုံမှု၊ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊<br>- ၂/၂၀၂၅ လအတွက် ထည့်ဝင်ကြေးပေးသွင်းပြီးသူများ ဟုတ်/မဟုတ်ကို မြို့နယ်ရုံးများရှိ Contribution Excel File ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်း၊<br>- အလုပ်ရှင်များမှ တင်ပြချက် မှန်ကန်မှုမရှိပါက လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သို့ အစီရင်ခံတင်ပြခြင်းနှင့်အတူ ၎င်းလျှော့ကောက်လွှာများအား ပယ်ဖျက်ခြင်း၊<br>- ပြီးပြည့်စုံစွာ စစ်ဆေးပြီးသည့် လျှော်ဘေးဒဏ်သင့် အာမခံအလုပ်သမားစာရင်းအား "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေတောင်းခံလွှာ" ပုံစံ (၂၅/၂၆) များ၊ ပိုင်ဆိုင်ပစ္စည်းထိခိုက်ပျက်စီးမှုအခြေအနေ ဓာတ်ပုံမှတ်တမ်း (၄) ပုံ၊ အိမ်ထောင်စု စာရင်းတို့နှင့်အတူ နည်းဥပဒေ ၁၃၈ (က) နှင့်အညီ မြို့နယ်လူမှုဖူလုံရေးရုံး တာဝန်ခံအရာရှိ၏ သဘောထားမှတ်ချက်၊ ၂/၂၀၂၅ လ ထည့်ဝင်ကြေး Excel File ပူးတွဲ၍ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)သို့ တင်ပြခြင်း။ | မြို့နယ်လူမှုဖူလုံရေးရုံးများ၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) |
| ၅ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ အလုပ်သမား ဝန်ကြီးဌာနသို့ တင်ပြခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)သည် သက်ဆိုင်ရာ မြို့နယ်အသီးသီးမှ တင်ပြသော အကျုံးဝင်သည့် အလုပ်သမားအမည်စာရင်းနှင့် ထောက်ပံ့မည့် ငွေပမာဏကို သဘာဝဘေးအန္တရာယ်ထောက်ပံ့မှုစိစစ်ရေးဘုတ်အဖွဲ့ဖြင့် စိစစ်ပြီးပါက အလုပ်သမားဝန်ကြီး ဌာနသို့ ထောက်ပံ့ငွေ ထုတ်ယူခွင့်တင်ပြခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၆ | အလုပ်သမားဝန်ကြီးဌာနမှ စိစစ် ခြင်း | - လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ တင်ပြလာသော အကျုံးဝင်သည့် အလုပ်သမားများ စာရင်းနှင့် ခွင့်ပြုငွေပမာဏကို စိစစ်၍ ထောက်ပံ့ငွေ ထုတ်ယူခွင့်ပြုခြင်း၊ | အလုပ်သမားဝန်ကြီးဌာန |
| ၇ | လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) မှ မြို့နယ် လူမှုဖူလုံရေးရုံးများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - အလုပ်သမားဝန်ကြီးဌာနမှ ထောက်ပံ့ငွေထုတ်ယူခွင့်ပြုပါက နည်းဥပဒေ ၁၃၈(ခ)နှင့်အညီ ညွှန်ကြားရေးမှူးချုပ်သည် ငွေစာရင်းခေါင်းစဉ် "သဘာဝဘေးအန္တရာယ်အတွက် ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် သ-၁၂၉-၂။ (၂)"မှ ထောက်ပံ့ရမည့် ငွေပမာဏအား သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးငွေစာရင်းသို့ ခွင့်ပြု အမိန့်ထုတ်ပြန်ပေးခြင်း၊ | လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) |
| ၈ | မြို့နယ် လူမှုဖူလုံရေးရုံးများမှ အလုပ်ရှင်/ အလုပ်ဌာနများသို့ ထောက်ပံ့ငွေထုတ်ပေးခြင်း | - သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများမှ သက်ဆိုင်ရာလုပ်ငန်းဌာနရှိ အလုပ်သမားများသို့ ၄၀% ထောက်ပံ့ငွေအား online payment များဖြစ်သော KBZ Pay, AYA Pay, Wave Pay, UAB Pay, Mytel Pay စသည်ဖြင့် မိမိတို့ အဆိုပြုထားသည့် online payment များမှထုတ်ယူခြင်း သို့မဟုတ် ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူခြင်း၊ အကျိုးခံစားခွင့်ငွေထုတ်ပေးပြီးကြောင်း မှတ်တမ်းဓာတ်ပုံရယူခြင်း၊ ငွေလွှဲအထောက်အထားများရယူခြင်း၊ | မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်ရှင်၊ အလုပ်သမား |

စာမျက်နှာ ၂၆ သို့ ■

■ စာမျက်နှာ ၂၅ မှအဆက်

| စဉ် | စံပြုလုပ်ငန်းစဉ်(SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| | | - အကျိုးခံစားခွင့် လာရောက်ထုတ်ယူခြင်းမရှိသည့် အလုပ်ရှင်၊ အလုပ်သမားများ၏ ထောက်ပံ့ငွေများကို မြို့နယ်လူမှုဖူလုံရေးရုံးအနေဖြင့် ငွေစာရင်းခေါင်းစဉ် "မိသားစုထောက်ပံ့မှုရန်ပုံငွေ၊ အထွေထွေရငွေ၊ အကျိုးခံစားခွင့်ပြန်ရငွေ ၅-၂။ (၁) (၁၉)၅။" သို့ ပြန်လည်ပေးသွင်းခြင်း၊ | |
| ၉ | အလုပ်ရှင်မှ အကျိုးခံစားခွင့်ရှိသော အလုပ်သမားများထံသို့ ငွေထုတ်ပေးခြင်း | - လူမှုဖူလုံရေးဥပဒေနှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့သည် အလုပ်သမားမှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ အမှန်တကယ်ရှိသည့် အလုပ်သမားဦးရေအတိုင်း ထည့်ဝင်ကြေးပေးသွင်းမှုမရှိခြင်း၊ လုပ်ခလစာလျော့နည်းပေးသွင်းခြင်းများကြောင့် အကျိုးခံစားခွင့်မရရှိခြင်း၊ လျော့နည်းရရှိခြင်းများဖြစ်ပေါ်ပါက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၆၉ နှင့်အညီ အလုပ်ရှင်များမှ လူမှုဖူလုံရေးအဖွဲ့ ကိုယ်စား ထောက်ပံ့ခြင်း၊ | သက်ဆိုင်ရာအလုပ်ဌာနများ |
| ၁၀ | အကျိုးခံစားခွင့်များ အလွဲသုံးစားမှု မရှိစေရေး မြေပြင်ကွင်းဆင်း စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်း | - သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀% ခွင့်ပြုထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးရေး အထူးအဖွဲ့များဖွဲ့စည်းပြီး စစ်ဆေးခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ |

**မှတ်ချက်။** (၁) အလုပ်ရှင်များအနေဖြင့် အကျိုးခံစားခွင့်လျှောက်ထားရန်အခက်အခဲရှိပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများသို့ဆက်သွယ်ရန်၊

(၂) သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) တယ်လီဖုန်း အမှတ်- ၀၆၇-၃၄၁၇-၁၅၁၊ ၀၆၇-၃၄၁၇-၉၁၂၊ ၀၆၇-၃၄၁၇-၉၂၅ သို့ ဆက်သွယ်ရန်၊

## "သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ငွေ" တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

လူမှုဖူလုံရေးအဖွဲ့ ပုံစံ (၂၅/၂၆)

"သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု ထောက်ပံ့ငွေ" တောင်းဆိုလွှာနှင့် အလုပ်ရှင်ထံမှ အကြောင်းကြားစာ

၁။ တောင်းဆိုသူအမည် ------------------------------

၂။ လူမှုဖူလုံရေးအာမခံစိစစ်ရေးအမှတ် ------------------------------

၃။ အလုပ်အကိုင်/ရာထူး ------------------------------

၄။ လူမှုဖူလုံရေးတွင်စတင်အကျုံးဝင်သည့်နေ့ (   ) ရက် (   ) လ (   )ခုနှစ်။

၅။ လွန်ခဲ့သောတစ်နှစ်အတွင်းတစ်လပျမ်းမျှဝင်ငွေ ------------------------------

၆။ ၂/၂၀၂၅ လအတွက် အလုပ်သမားထည့်ဝင်ကြေး ၂ % ပေးသွင်းထားသည့်ငွေ ----------

၇။ သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုအခြေအနေနှင့် ဥစ္စာပစ္စည်းဆုံးရှုံးမှု------------------------------

------------------------------

၈။ နေရပ်လိပ်စာ ------------------------------

၉။ အကျိုးခံစားခွင့်ထုတ်ယူလိုသောနည်းလမ်း(online payment/လူကိုယ်တိုင်)----------

၁၀။ online payment ဖြင့်ထုတ်ယူလိုပါက Accountအမည်နှင့် phone နံပါတ်----------

ရက်စွဲ။ ------------------------------။ တောင်းခံသူလက်မှတ် ------------------------------

------------------------------

**အလုပ်ရှင်မှ ဖြည့်စွက်ရန်**

အလုပ်ဌာနမှတ်ပုံတင်အမှတ် ------------------------------

အလုပ်ဌာနအမည်နှင့်လိပ်စာ ------------------------------

သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှုထောက်ပံ့ကြေးတောင်းဆိုသူ ဦး/ဒေါ် ------------------------------ သည် ကျွန်ုပ်၏ အလုပ်သမားမှန်ကန်ပြီး လူမှုဖူလုံရေးထည့်ဝင်ကြေးပေးသွင်းပြီးသည့်လပေါင်း (   ) ဖြစ်၍ လွန်ခဲ့သောတစ်နှစ်အတွင်း ဦး/ဒေါ် ------------------------------ ၏ တစ်လပျမ်းမျှဝင်ငွေမှာ ------------------------------ဖြစ်ပါသည်။

မှတ်ချက်။ ------------------------------

အလုပ်ဌာနတံဆိပ် အလုပ်ရှင်(သို့မဟုတ်)အလုပ်ဌာနတာဝန်ခံလက်မှတ်

------------------------------

လူမှုဖူလုံရေးရုံးမှဖြည့်စွက်ရန်

(က) ထည့်ဝင်ကြေး ပေးသွင်းပြီးသည့်လပေါင်း (   )

(ခ) ပျမ်းမျှ တစ်လလုပ်ခဝင်ငွေ (   )

(ဂ) အကျုံးဝင်အာမခံအလုပ်သမားအား ထောက်ပံ့ရမည့်ငွေ ၄၀% (   )

တာဝန်ခံအရာရှိလက်မှတ်

# တနိုင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ



တနိုင်း မေ ၈

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ Grade – 12 ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဖွင့်လှစ်ထားသည့် တနိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း Camp နှစ်ခုတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက နေ့စဉ် အခြေခံပညာကျောင်းများသို့သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်ဆိုင်ရာသင်ခန်းစာများကို အေးချမ်းစွာသင်ယူနေမှုအား လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အခက်အခဲတစ်စုံတစ်ရာမရှိစေရေးအတွက် အိပ်ဆောင်နေရာ၊ သုံးရေကန်၊ လုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။ ထို့ပြင် ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ စားသောက်နေထိုင်မှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။

နေလင်းထူး(ပြန်/ဆက်)


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ သြစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်

# နှလုံးသွေးဖြင့်ကမ္ပည်းထိုးခဲ့သလေ... နှစ်(၈၀)ပြည့်လာတဲ့မဟာမျိုးချစ်တွေ...

ဒီနေ့ကား ၁၉၄၅ ခုနှစ် မေလ ၉ ရက် ဖြစ်သည်။ ဒီလိုနေ့ ဒီလိုရက်ကိုပင် အလက်ဇန်းဒါးနဲ့ဆိုဖီယာတို့က မျှော်တလင့်လင့်ဖြင့် စောင့်စားနေခဲ့ကြသည်မှာ နှစ်အနည်းငယ်ပင်ကြာမြင့်ခဲ့ပြီဖြစ်သည်။ အတိအကျဆိုလျှင် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်ကတည်းကဟုပင် ဆိုရမည်ဖြစ်သည်။ အဲဒီနေ့က ဂျာမနီက ပိုလန်ကို ဝင်ရောက်ကျူးကျော်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး စတင်ခဲ့ရသည့်နေ့ဖြစ်သည်။

အလက်ဇန်းဒါးနှင့်ဆိုဖီယာတို့မှာ သားတစ်ဦးနှင့်သမီးတစ်ဦးရှိသည်။ သူတို့လက်ထပ်ပြီးသုံးနှစ်အကြာတွင် သမီးငယ်မာရီယာကိုမွေးဖွားခဲ့ခြင်းဖြစ်သည်။ မာရီယာကိုမွေးဖွားပြီးနောက် သူတို့မိသားစုက စတာလင်ဂရတ်သို့ပြောင်းလာခဲ့ကြခြင်းဖြစ်သည်။ သူတို့ပြောင်းပြီးမကြာမီ ဒုတိယကမ္ဘာစစ်မီးကြီး စတင်တောက်လောင်ခဲ့ခြင်းဖြစ်သည်။ ဂျာမနီကပိုလန်ကိုကျူးကျော်စဉ်က ထိုစစ်မီးသည်ဆိုဗီယက်ပြည်ထောင်စုသို့ ကူးစက်လာမည်ဟုမထင်ခဲ့ရိုးအမှန်ပင်ဖြစ်သည်။ သို့ပေမယ့်လည်း သူတို့ထင်မြင်သည့်အတိုင်း မဖြစ်လာခဲ့ပေ။

၁၉၄၁ ခုနှစ် ဇွန်လ ၂၂ ရက်တွင် တိုက်တိုင်းအောင်နေသည့် နာဇီဂျာမနီ၏တပ်တော်က ဘာဘာရော့ဆာစစ်ဆင်ရေးဖြင့် ဆိုဗီယက်ပြည်ထောင်စုသို့ဝင်ရောက်လာသည်။ ထိုစစ်ဆင်ရေးသည် ဒုတိယကမ္ဘာစစ်တွင် လူသေဆုံးမှုအများဆုံး၊ နယ်မြေအကျယ်ဝန်းဆုံးသော စစ်နယ်ဝန်းဖြစ်ပေါ်လာခြင်း၏ အစပင်ဖြစ်သည်။ ထိုစစ်ဆင်ရေးစတင်သည်နှင့် နာဇီဂျာမနီတို့က တစ်ဟုန်ထိုးဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ဆိုဗီယက်ပြည်ထောင်စုက နယ်မြေအများအပြားကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ထိုအချိန်တွင် ဆိုဗီယက်ပြည်ထောင်စုကရှိသမျှသော စစ်သည်အင်အားတို့ဖြင့် ရန်သူ၏တိုက်ခိုက်မှုကို အလူးအလဲရင်ဆိုင်နေရချိန်ဖြစ်သည်။ နာဇီဂျာမနီတို့၏ တိုက်ခိုက်မှုများကြောင့် အသက်ပေးခဲ့ရသည့်စစ်သည်များနှင့် အရပ်သားပြည်သူလွန်စွာများပြားလှသည်။ နာဇီဂျာမနီတို့ကလည်း ဆိုဗီယက်ပြည်ထောင်စုအတွင်းပိုင်းထဲအထိပင် လျင်မြန်စွာထိုးဖောက်ဝင်ရောက်လာနေပြီဖြစ်သည်။ ဒီအချိန်တွင် နာဇီဂျာမနီတို့ကို တွန်းလှန်နိုင်ခြင်းမရှိပါက နောက်ဆုံးတွင်ဆိုဗီယက်ပြည်ထောင်စုကြီးတစ်ခုလုံးမှာ ၎င်းတို့၏လက်တွင်းသို့သာကျဆင်းဖွယ်သာရှိတော့သည်။ နာဇီဂျာမနီတို့ကလည်း မဟာဗျူဟာအရအရေးပါသော စတာလင်ဂရတ်ကိုသိမ်းပိုက်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်လာသည်။ မကြာသေးမီကမှ စတာလင်ဂရတ်ကိုပြောင်းရွှေ့လာသော အလက်ဇန်းဒါးတို့မိသားစုမှာလည်း စစ်ကြီး၏ဆိုးကျိုးကို မလွဲမသွေရင်ဆိုင်လာရတော့သည်။

အလက်ဇန်းဒါးနှင့်ဆိုဖီယာတို့က သားသမီးများကို ရင်အုပ်မကွာစောင့်ရှောက်ရင်း အိမ်ထဲမှာပင် နေဝင်မီးငြိမ်းပုံစံဖြင့်နေနေရသည်။ ထိုအခြေအနေမျိုးကို မည်သူမျှမလိုချင်။ သို့သော်လည်း သူတို့အနေဖြင့် မည်သို့မျှမတတ်နိုင်ဖြစ်နေရသည်။ ဒီလိုနဲ့နေလာရင်းတစ်နေ့မှာ အလက်ဇန်းဒါးတစ်ယောက် ဆုံးဖြတ်ချက်တစ်ခုကိုပိုင်ပိုင်နိုင်နိုင်ချမှတ်လိုက်သည်။ ထိုဆုံးဖြတ်ချက်ကား သူ့အနေဖြင့် ဆိုဗီယက်ပြည်ထောင်စု၏တပ်နီတော်သို့ဝင်ရောက်ပြီး နယ်ချဲ့ကျူးကျော်သူများဖြစ်သည့် နာဇီဂျာမနီများကို တွန်းလှန်တိုက်ခိုက်ရန်ပင်ဖြစ်သည်၊ ဆိုဖီယာကလည်း အလက်ဇန်းဒါး၏ဆုံးဖြတ်ချက်ကို တစ်စက်ကလေးမျှ တားမြစ်ခြင်းမရှိပေ။ သူ၏ပုံစံက "မောင်ကြီးသာ တိုင်းပြည်ရဲ့ရန်သူတွေကို ရှုပ်ရှုပ်ချွံချွံနဲ့ချေမှုန်းခဲ့ပါ။ တကယ်လို့တိုက်ပွဲမှာကျဆုံးသွားခဲ့သည့်တိုင်အောင် နှမမှာ မငိုဘဲ ထာဝရဂုဏ်ယူနေပါမယ်" လို့ပြောနေသယောင်ပင်ဖြစ်သည်။

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် စတာလင်ဂရတ်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်၌ တပ်နီတော်နှင့်နာဇီဂျာမနီတို့ကြားတိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားလာသည်။ စတာလင်ဂရတ်တိုက်ပွဲက ဒုတိယကမ္ဘာစစ်ကာလတွင် လူသေဆုံးမှုအများဆုံးနှင့် အလှည့်အပြောင်းအဖြစ်ဆုံးသော တိုက်ပွဲစဉ်တစ်ခုဖြစ်လာသည်။ တစ်ဖက်နှင့်တစ်ဖက်တိုက်ခိုက်မှုကလည်း အင်မတန်မှပြင်းထန်လှသည်။ နှစ်ဖက်စလုံးမှာဒဏ်ရာရရှိသူနှင့်သေဆုံးသူများပြားလှသည်။ သမိုင်းမှတ်တမ်းများအရဆိုလျှင် သေဆုံးသူနှင့်ဒဏ်ရာရရှိသူစုစုပေါင်း သန်းနှင့်ချီရှိသည်ဟုဆိုနိုင်သည်။ ဒီလိုနှင့်နှစ်ဖက်တပ်များက စတာလင်ဂရတ်တိုက်ပွဲတွင် တိုက်ခိုက်လာရင်း ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျာမနီ၏အမှတ် (၆)တပ်တော်က တပ်နီတော်၏ ဝိုင်းပတ်ပိတ်ဆို့ခြင်းကိုခံလိုက်ရသည်၊ ထို့ကြောင့်အမှတ်(၆)တပ်တော်က တပ်နီတော်ထံသို့ လက်နက်ချအညံ့ခံလိုက်ရသည်။

အမှတ်(၆)တပ်တော်က လက်နက်ချအညံ့ခံလိုက်ပြီဆိုသော သတင်းကြောင့် ဆိုဗီယက်ပြည်ထောင်စုအနေဖြင့် ရဲစိတ်ရဲမာန်များပိုမိုတက်ကြွလာပြီး နာဇီဂျာမနီတို့ကို တိုက်စစ်ဖွင့်ရင်ဆိုင်လာနိုင်ပြီဖြစ်သည်။ ထိုအချိန်တွင် ခံစစ်ဖြင့်သာခုခံနေရသော နာဇီဂျာမနီတို့ကို ယူကရိန်းဒေသ၊ ရုရှားဒေသနှင့် အရှေ့ဘယ်လာရုစ်ဒေသတို့မှ မြန်မြန်ဆန်ဆန်ပင်မောင်းထုတ်လာနိုင်သည်။ စတာလင်ဂရတ်တိုက်ပွဲ၌စစ်ရှုံးသွားသော နာဇီဂျာမနီတို့အနေဖြင့်ဝရုန်းသုန်းကားမပြေးရုံတမယ် ခွာစစ်ဆင်သွားရကာ နောက်ဆုံးတွင်ဘာလင်မြို့အထိသို့ပင်ဆုတ်ခွာသွားရသည်အထိ တပ်နီတော်ကလက်စွမ်းပြနိုင်ခဲ့သည်။ ၁၉၄၄ ခုနှစ်မှစတင်၍ စစ်မျက်နှာအစုံတွင်တိုက်စစ်များဖွင့်ကာ ဥရောပဒေသအရှေ့ပိုင်းနှင့် အလယ်ပိုင်းတို့ကို နာဇီဂျာမနီတို့၏သိမ်းပိုက်မှုအောက်မှလွတ်မြောက်စေအောင် တပ်နီတော်က ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ဆိုဖီယာတစ်ယောက် တပ်နီတော်၏အောင်ပွဲများကိုနေ့စဉ်နှင့်အမျှကြားသိနေရသည့်အတွက် ဝမ်းသာမဆုံးရှိနေသည်။ သို့သော် သူ၏ချစ်လှစွာသောအလက်ဇန်းဒါးထံမှ စာတစ်လွှာပေတစ်ရွက်မျှရောက်မလာသေးပေ။ သို့သော်လည်း ဆိုဖီယာ၏မျက်နှာမှာတော့ ဝမ်းနည်းသည့်အရိပ်အယောင်တစ်စိုးတစ်စိမျှမရှိ။ လူမှန်းသိတတ်နေပြီဖြစ်သော သူ၏သားနှင့်သမီးတို့ကိုလည်း "သားတို့သမီးတို့ဖေဖေကလေ အခုနာဇီဂျာမနီတွေအပေါ် အောင်ပွဲဆင်နေတဲ့ တပ်နီတော်ကြီးနဲ့အတူ တိုက်ပွဲဝင်နေတာကွဲ့" ဟုညအိပ်ရာဝင်တိုင်း ဂုဏ်ယူမဆုံးပြောလေ့ရှိသည်။

အချိန်ကား ၁၉၄၅ ခုနှစ် ဧပြီလသို့တိုင်ရောက်ရှိလာသည်။ ထိုအချိန်တွင် တပ်နီတော်၏အောင်မြင်မှုက ဂျာမနီနိုင်ငံ၏ ဘာလင်မြို့အထိပင် ရောက်ရှိလာပြီဖြစ်သည်။ သမိုင်းတွင်နာမည်ကျော်သော ဘာလင်တိုက်ပွဲကြီးကို ဆင်နွှဲနေခြင်းဖြစ်သည်။ ထိုတိုက်ပွဲကြီးက နာဇီဂျာမနီတို့၏ ဘဝကံကြမ္မာကို အဆုံးသတ်ပေးမည့် တိုက်ပွဲကြီးလည်းဖြစ်သည်။ စစ်သည်အင်အား နှစ်သန်းခွဲ၊ တင့်အစီးရေ ၆၂၅၀၊ လေယာဉ်အစင်းရေ ၇၅၀၀ ပါဝင်သည့် တပ်နီတော်က ၁၉၄၅ ခုနှစ် ဧပြီလ ၁၆ ရက်တွင် အခိုင်အမာခံစစ်ဆင်ထားသော ဂျာမနီတို့၏ခံစစ်စည်းကိုချိုးဖျက်နိုင်မည့်စစ်ဆင်ရေးစတင်လိုက်သည်။ ထိုနှစ် ဧပြီလ ၃၀ ရက်တွင်မှု ဂျာမနီတို့၏လွှတ်တော်အဆောက်အအုံကို ဆိုဗီယက်တပ်ဖွဲ့များကသိမ်းပိုက်လိုက်နိုင်သည်။ ထို့ကြောင့်ပင် ၁၉၄၅ ခုနှစ် မေလ ၈ ရက်ညပိုင်းတွင် နာဇီဂျာမနီတို့က လက်နက်ချအညံ့ခံကြောင်း သဘောတူစာချုပ်ကို လက်မှတ်ထိုးလိုက်ရခြင်းဖြစ်သည်။ ဤကားဒုတိယကမ္ဘာစစ်ကိုအဆုံးသတ်စေမည့်နိဂုံး၏နိဒါန်းပင်ဖြစ်သည်။ တစ်ဖက်တွင် ပစိဖိတ်စစ်မျက်နှာ၌ မဟာမိတ်တပ်ဖွဲ့များ၏တိုက်ခိုက်မှုများကြောင့် ထိုနှစ် စက်တင်ဘာလ ၂ ရက်တွင် လက်နက်ချအညံ့ခံကြောင်း ဂျပန်အင်ပါယာက လက်မှတ်ရေးထိုးလိုက်ရသည်။ ထိုအချိန်ကား ကမ္ဘာတစ်ဝန်းတွင် ဒုတိယကမ္ဘာစစ်အဆုံးသတ်သောနေ့ပင်ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုက နာဇီဂျာမနီတို့ကိုလက်နက်ချစေနိုင်ခဲ့သည့် ၁၉၄၅ ခုနှစ် မေလ ၈ ရက်ညပိုင်းပြီးနောက် မေလ ၉ ရက်ကို မဟာမျိုးချစ်စစ်ပွဲအောင်ပွဲနေ့အဖြစ်သတ်မှတ်လိုက်သည်။ ထိုသို့သတ်မှတ်ရသည့်အကြောင်းရင်းများစွာရှိမည်ဖြစ်သော်လည်း ထင်ရှားလှသည့်တစ်ခုတည်းသောအကြောင်းရင်းမှာမူ အလက်ဇန်းဒါးကဲ့သို့သော သာမန်ပြည်သူများကပင် တိုင်းပြည်၏လွတ်လပ်ရေးအတွက် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထိုစစ်ပွဲတွင် ဆိုဗီယက်ပြည်ထောင်စု၌ မှီတင်းနေထိုင်လျက်ရှိသော ပြည်သူအပေါင်း၏ စည်းလုံးညီညွတ်မှုအားကိုပြသနိုင်ခဲ့သည်။ သူမတူသည့် ရဲစွမ်းသတ္တိကိုပြသနိုင်ခဲ့သည်၊ ဘယ်သူပင်ကျင့်သုံးသုံး ဘယ်သူမှအကျိုးမရှိနိုင်သည့် အကြမ်းဖက်နယ်ချဲ့ဝါဒကို အပြီးတိုင်ရိုက်ချိုးနိုင်ခဲ့သည်။

တစ်ဖက်တွင်လည်း ဒီလိုမျိုးသမိုင်းဝင်လာစေမယ့်စစ်ပွဲကြီးအတွက် ပေးဆပ်မှုများစွာရှိသည်။ ဆိုဗီယက်ပြည်ထောင်စုတစ်ခုတည်းမှာပင် သေဆုံးသူစုစုပေါင်း ၂၇ သန်းခန့်ရှိသည်။ စစ်ပွဲအတွင်းပျောက်ဆုံးသွားခဲ့ရသည့် အရပ်သားများ၊ ကလေးငယ်များ၏အရေအတွက်မှာ မရေမတွက်နိုင်အောင်ပင်ဖြစ်သည်။ ဘေးလွတ်ရာကိုတိမ်းရှောင်ရသူကလည်း ဒုနှင့်ဒေးပင်၊ ထိုသို့ဘေးလွတ်ရာသို့ တိမ်းရှောင်ရသူများထဲတွင် ဆိုဖီယာတို့မိသားစုလည်းပါဝင်သည်၊ ဆိုဖီယာအနေဖြင့် နေရာတွေမည်မျှပင်ပြောင်းရွှေ့ရစေကာမူ သူ၏အမျိုးသားအလက်ဇန်းဒါး၏ သတင်းကိုကားစောင့်မျှော်နေဆဲဖြစ်သည်။ တစ်ရက်တွင်မူ သူ့ထံသို့သတင်းစကားတစ်ခုရောက်ရှိလာသည်။ ထိုသတင်းစကားမှာ အလက်ဇန်းဒါးတစ်ယောက် ဘာလင်တိုက်ပွဲတွင် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်ရင်း တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ပေးလှူသွားရပြီဟူသောသတင်းပင်ဖြစ်သည်။

ထိုသတင်းကိုကြားရသောနေ့က ဆိုဖီယာတစ်ယောက် သူ၏ကမ္ဘာပြိုလဲသွားပြီဟုပင်ယူဆလိုက်သည်။ သို့သော် ပြန်တွေးကြည့်လိုက်တော့ သူ၏ချစ်လှစွာသော အလက်ဇန်းဒါးမှာ သူနှင့်သားသမီးများသာမက တိုင်းပြည်တစ်ခုလုံးသူ့ကျွန်ဘဝမကျရောက်စေရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် သူ့ကိုယ်သူပေးဆပ်သွားသည်ဟူသောအသိက ဆိုဖီယာ၏မျက်ဝန်းတို့ကို အရောင်တောက်လာစေခြင်းဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန် ဒီစစ်ပွဲပြီးဆုံးသွားပါက မိသားစုတွေပျော်ပျော်ရွှင်ရွှင်ပြန်ဆုံကြမယ်ဆိုတဲ့ စိတ်ကူးအိပ်မက်သည်လည်း ပျက်ပြားသွားခဲ့ရသည်။ ဆိုဖီယာ့လိုပင် မိသားစုတကွဲတပြားဖြစ်သွားရသူ သန်းနှင့်ချီရှိသည်။ သူတို့၏စိတ်ထဲမှာလည်း သူတို့အမျိုးသားများ၊ မောင်များ၊ ဆွေမျိုးများမှာ သူတို့တိုင်းပြည်အတွက် အသက်ကိုစွန့်လွှတ်ခဲ့သူများဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားရှိနေမည်မှာအမှန်ပင်ဖြစ်သည်။ ၁၉၄၅ ခုနှစ် မေလ ၉ ရက်မှာတော့ အလက်ဇန်းဒါးတစ်ယောက်ဆိုဖီယာ့ဘေးမှာရှိနေရင်း ပျော်ရွှင်နေမည်မည်ဟုပင်ယုံကြည်မိသည်။

အခုတော့ မဟာမျိုးချစ်စစ်ပွဲကြီးပြီးဆုံးခဲ့သည်မှာ ၂၀၂၅ ခုနှစ် မေလ ၉ ရက်တွင် နှစ်(၈၀)တင်းတင်းပြည့်ပြီဖြစ်သည်။ ထိုသို့သောနှစ်ပေါင်း ၈၀ ကာလတွင် ဆိုဗီယက်ပြည်ထောင်စုမှသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဟူ၍ ဖြစ်ပေါ်လာသည့်တိုင် ရုရှားအစိုးရအဆက်ဆက်၊ တစ်နည်းဆိုရလျှင် မဟာမျိုးချစ်စစ်သည်များချန်ရစ်ထားခဲ့သော မျိုးဆက်အဆက်ဆက်က ကမ္ဘာကြီးတွင် နာဇီဝါဒနှင့်ဖက်ဆစ်ဝါဒ တစ်ဖန်ပြန်လည်ထွန်းကားလာခြင်းမရှိရလေအောင် ဘိုးဘေးဘီဘင်များ၏သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေဆဲဖြစ်သည်။ နောင်တွင်လည်း နောင်မျိုးဆက်များက ထိုတာဝန်ကိုဆက်လက်ထမ်းဆောင်သွားနေဦးမည်ဟုယုံကြည်သည်။ အကြောင်းရင်းမှာမူကား နာဇီဝါဒနှင့်ဖက်ဆစ်ဝါဒတို့ကို နိဂုံးချုပ်စေခဲ့သော မဟာမျိုးချစ်စစ်ပွဲကြီးကို မျိုးချစ်သူရဲကောင်းကြီးများ၏ နှလုံးသွေးဖြင့်ကမ္ပည်းထိုးပြီး အောင်ပန်းဆင်နိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်ပေတော့သည်။ ။



**Ref: Online**

ထက်မြတ်

# အမေရိကန်နိုင်ငံသား ရဟန်းအမတ်ရောဘတ်ပရီဗို့ ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရ

ဗာတီကန်စီးတီး၊ ပြည်တွင်းရေး

ပီရူးနိုင်ငံ၌ ခရစ်ယာန်သာသနာပြုလုပ်ငန်းများဆောင်ရွက်နေသည့်အမေရိကန်နိုင်ငံသား ရဟန်းအမတ်ရောဘတ်ပရီဗို့သည် မေလ ၈ ရက်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်းသိရသည်။



ရောဘတ်ပရီဗို့အနေဖြင့် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းက ကက်သလစ်ဘုရားကျောင်း၏ နှစ်ပေါင်း ၂၀၀၀ သက်တမ်းအတွင်း ပထမဆုံးသော အမေရိကန်နိုင်ငံသားပုပ်ရဟန်းမင်းကြီးဖြစ်လာစေခြင်းဖြစ်သည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်ကွယ်လွန်ပြီးနောက် ပုပ်ရဟန်းမင်းကြီးအသစ်တင်မြှောက်ခြင်းကို မေလ ၇ ရက်တွင် စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး မေလ ၈ ရက် ဒေသစံတော်ချိန် ည ၆ နာရီ ၇ မိနစ်မှ ပုပ်ရဟန်းမင်းကြီးအသစ်ကို ရွေးချယ်တင်မြှောက်နိုင်ပြီဖြစ်ကြောင်း အသိပေးချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုအခါ အသက် ၆၉ နှစ်ရှိပြီဖြစ်သော ရောဘတ်ပရီဗို့သည် လီယို ၁၄ ဟူသော အမည်နာမဖြင့် ပုပ်ရဟန်းမင်းကြီးတာဝန်ကိုထမ်းဆောင်မည်ဖြစ်သည်။ **Ref: AP**

# RMIT မှအင်ဂျင်နီယာများက ရေပြတ်လပ်မှုအတွက်အသုံးဝင်မည့် စမတ်ရေမြှုပ်ကိုတီထွင်

ဆစ်ဒနီ၊ တီထွင်ဆန်းသစ်မှု

သြစတြေးလျနိုင်ငံ တော်ဝင်မဲဘုန်းနည်းပညာတက္ကသိုလ်(RMIT)မှ အင်ဂျင်နီယာများက ရေပြတ်လပ်မှုအတွက်အသုံးဝင်မည့် စမတ်ရေမြှုပ်တစ်မျိုးကိုတီထွင်လိုက်ကြောင်း အဆိုပါတက္ကသိုလ်က မေလ ၈ ရက်တွင်ထုတ်ပြန်ကြေညာသည်။


အဆိုပါစမတ်ရေမြှုပ်သည် သာမန်ရေမြှုပ်ကဲ့သို့သောပစ္စည်းတစ်ခုဖြစ်ပြီး ၎င်း၏လုပ်ဆောင်ချက်မှာ လေထုထဲမှရေကိုဖမ်းယူကာ နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုခြင်းဖြင့် ရေကိုပြန်လည်ထုတ်ပေးခြင်းဖြစ်သည်။

ထိုစမတ်ရေမြှုပ်သည် သစ်သားအခြေခံကုန်ကြမ်းပစ္စည်းကိုအဆင့်မြှင့်တင်ထားခြင်းဖြစ်ပြီး ခြောက်သွေ့သောရာသီဥတု၌ပင် လေထုထဲမှရေငွေ့များကို ကောင်းစွာစုပ်ယူနိုင်စွမ်းရှိကာ နေရောင်ခြည်ရရှိရုံဖြင့်ပင် ထိုရေငွေ့များမှနေ၍ ရေကိုပြန်လည်ထုတ်ပေးနိုင်စွမ်းရှိကြောင်း RMIT တက္ကသိုလ်၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်တွေ့စမ်းသပ်မှုများအရ အဆိုပါရေမြှုပ်တစ်ဂရမ်က ရေ ၂ မီလီလီတာကိုထုတ်ပေးနိုင်ကြောင်းတွေ့ရှိရပြီး အဖုံးတစ်ခု၊ အအေးပေးစနစ်တစ်ခုနှင့် နေရောင်ခြည်စနစ်တစ်ခုတို့ပါဝင်သည့် ရေခွက်တစ်ခွက်စာရှိရေမြှုပ်စနစ်တစ်ခုက ရေပမာဏ ၁၅ မီလီလီတာကိုထုတ်ပေးနိုင်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

သမားရိုးကျအားဖြင့် ရေများမရရှိနိုင်သည့် ဘေးအန္တရာယ်ကျရောက်နေသောနေရာများ၌ အဆိုပါစမတ်ရေမြှုပ်များက အဖိုးတန်ကာအသုံးဝင်စေမည်ဖြစ်ကြောင်း သိရသည်။

**Ref: RT**



# ဘီဂိတ်ကပိုင်ဆိုင်မှုများကိုလှူဒါန်းမည်ဟု ထုတ်ပြန်ကြေညာ

နယူးယောက်၊ ပြည်တွင်းရေး

ကမ္ဘာကျော်ပရဟိတသမားဖြစ်သည့် ဘီဂိတ်က ၎င်း၏ပိုင်ဆိုင်မှုများအားလုံးကို ဂိတ်ဖောင်ဒေးရှင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း မေလ ၈ ရက်တွင်ထုတ်ပြန်ကြေညာလိုက်သည်။

ပြည်သူများစွာကို ကူညီထောက်ပံ့မှုများပေးနိုင်မည့် ပိုင်ဆိုင်မှုများစွာကိုထိန်းသိမ်းထားရသည့်အတွက် ဖြေရှင်းရမည့် အရေးပေါ်ပြဿနာများစွာရှိကြောင်း၊ ထို့ကြောင့်ပင် ယင်းပိုင်ဆိုင်မှုများစွာကို နဂိုစီစဉ်ထားသည့်အစီအစဉ်ထက် စောစွာ ပရဟိတဖောင်ဒေးရှင်းသို့ လှူဒါန်းပေးရခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ဂိတ်ဖောင်ဒေးရှင်းက ၎င်းတို့အနေဖြင့် ၂၀၄၅ ခုနှစ်အရောက်၌ ဒေါ်လာဘီလီယံ ၂၀၀ ကိုအသုံးပြုပြီး ပြည်သူများအား ကူညီထောက်ပံ့မှုများပေးသွားမည်ဖြစ်ကြောင်း၊ ထိုထောက်ပံ့မှုများအနက် မိခင်နှင့်ကလေးများသေဆုံးမှု၊ ကူးစက်ရောဂါများဖြစ်ပွားမှုနှင့် ဆင်းရဲမှုတို့ကို တိုက်ဖျက်ရာတွင်အသုံးပြုသွားမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

## သတင်းတိုကဏ္ဍ

### တရုတ်နှင့်ရုရှားက သံမဏိမိတ်ဆွေများဖြစ်သင့်ဟု တရုတ်သမ္မတက ရုရှားသမ္မတကိုပြော

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် သံမဏိမိတ်ဆွေနိုင်ငံများဖြစ်သင့်သည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မေလ ၈ ရက်တွင် တွေ့ဆုံစဉ်ပြောကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုကို နောက်ထပ်အဆင့်တစ်ဆင့်သို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် အမေရိကန်၏လွှမ်းမိုးမှုကို ပြတ်ပြတ်သားသား တုံ့ပြန်သွားမည်ဖြစ်ကြောင်း ၎င်းတို့နှစ်ဦးက ကတိပြုသည်။

ထို့ပြင် တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့သည် စစ်ရေးအပါအဝင် နယ်ပယ်ပေါင်းစုံ၌ ဆက်ဆံရေးပိုမိုခိုင်မာစေရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ရုရှားနှင့်တရုတ်နိုင်ငံတို့ကိုထိန်းချုပ်ရန် လုပ်ဆောင်နေသည့် အမေရိကန်၏လုပ်ရပ်ကို ပြတ်ပြတ်သားသားတုံ့ပြန်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပူးတွဲထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ တရုတ်သမ္မတသည် နှစ်(၈၀)ပြည့်မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနေ့အခမ်းအနားတက်ရောက်ရန် ရုရှားနိုင်ငံသို့ရောက်ရှိနေခြင်းဖြစ်သည်။ **Ref: AGC**

### အိန္ဒိယက ပါကစ္စတန်၏လေကာစနစ်များကို ချေမှုန်းတိုက်ခိုက်

အိန္ဒိယတပ်မတော်က ပါကစ္စတန်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ချေမှုန်းတိုက်ခိုက်လိုက်နိုင်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက မေလ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

မေလ ၇ ရက်ညနှင့် ၈ ရက်နံနက်ပိုင်းတို့တွင် ပါကစ္စတန်က အိန္ဒိယနိုင်ငံအတွင်းရှိစစ်ရေးပစ်မှတ်များကို ဒုံးကျည်များ၊ ဒရုန်းများအသုံးပြု၍ တိုက်ခိုက်လာကြောင်း၊ ထိုတိုက်ခိုက်မှုများကို အိန္ဒိယတပ်မတော်က တန်ပြန်ပစ်ချလိုက်နိုင်ကြောင်းနှင့် ပါကစ္စတန်နိုင်ငံအတွင်းရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များကိုပါ ချေမှုန်းလိုက်နိုင်ခြင်းဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အိန္ဒိယ၏ တိုက်ခိုက်မှုများကြောင့် ထိခိုက်ပျက်စီးမှုများရှိသည့်အပြင် စစ်သည်များလည်းဒဏ်ရာရရှိကြောင်း ပါကစ္စတန်တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

အိန္ဒိယနိုင်ငံက ဆင်းဒူးစစ်ဆင်ရေးကို ဆင်နွှဲသည်ဟုဆိုကာ ပါကစ္စတန်နိုင်ငံရှိ အကြမ်းဖက်သမားများ၏နေရာကိုးခုကို တိုက်ခိုက်ပြီးနောက် ယခုကဲ့သို့ တိုက်ခိုက်မှုများဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**Ref: RT**

### ကုန်သွယ်ရေးဆွေးနွေးပွဲမအောင်မြင်လျှင် ယူရို ၉၅ ဘီလီယံဖိုးကို အခွန်ကောက်မည်ဟု EU ဆို

လက်ရှိလုပ်ဆောင်နေသော အမေရိကန်နှင့်ကုန်သွယ်ရေးဆွေးနွေးပွဲသည် အောင်မြင်မှုမရရှိပါက ယူရို ၉၅ ဘီလီယံတန်ဖိုးရှိသည့် အမေရိကန်နိုင်ငံထုတ်မော်တော်ကားများနှင့် လေယာဉ်များအပေါ် ပစ်မှတ်ထားပြီး သွင်းကုန်အခွန်ကောက်မည်ဟု ဥရောပသမဂ္ဂ(EU)က မေလ ၈ ရက်တွင်ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ဥရောပသမဂ္ဂက ၎င်းတို့အနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ သွင်းကုန်မူဝါဒများနှင့်ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) သို့ တိုင်စာပေးပို့သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဥရောပသမဂ္ဂမှ သွင်းကုန်အများစုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းချမှတ်မည်ဟု ကြေညာကာ ထိုမူဝါဒကို ဇူလိုင်လအထိ ရွှေ့ဆိုင်းထားသည်။ အမေရိကန်သမ္မတက ကမ္ဘာ့နိုင်ငံများအားလုံးအပေါ်အနည်းဆုံး သွင်းကုန်အခွန် ၁၀ ရာခိုင်နှုန်းတိုးမြှင့်ရန် သတ်မှတ်ထားသည်။ **Ref: BP**

### ဂါဇာ၌ ထောက်ပံ့ရေးပစ္စည်းများပြတ်လပ်နေပြီဟု ကူညီကယ်ဆယ်ရေးသမားများပြော

ဂါဇာဒေသအပေါ် အစ္စရေးက နှစ်လကျော်ကြာပိတ်ဆို့ထားမှုကြောင့် ယင်းဒေသ၌ ထောက်ပံ့ရေးပစ္စည်းများပြတ်လပ်နေပြီဖြစ်ကာ ကယ်ဆယ်ရေးလုပ်ငန်းများရပ်ဆိုင်းလုနီးပါးဖြစ်နေကြောင်း ဂါဇာရှိကူညီကယ်ဆယ်ရေးသမားများက မေလ ၈ ရက်တွင်ပြောသည်။

ဂါဇာဒေသတွင် စက်သုံးဆီများပြတ်လပ်နေပြီဖြစ်သည့်အတွက် ကူညီကယ်ဆယ်ရေးယာဉ် ၇၅ ရာခိုင်နှုန်းကိုရပ်တန့်ထားရကြောင်း ဂါဇာရှိ အရပ်ဘက်ကာကွယ်ရေးအေဂျင်စီမှပြောရေးဆိုခွင့်ရှိသူ မာမွတ်ဘာဆယ်ကပြောသည်။

ကုလသမဂ္ဂမှအေဂျင်စီများနှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများက လူပေါင်း ၂ သန်းခွဲနီးပါးနေထိုင်နေသည့် ဂါဇာကမ်းမြောင်ဒေသ၌ စက်သုံးဆီနှင့်ဆေးဝါးမှသည် အစားအစာနှင့်သောက်သုံးရေအထိ ပြတ်လပ်နေပြီဖြစ်ကြောင်း ပြီးခဲ့သည့်သီတင်းပတ်များစွာကတည်းက သတိပေးထားခြင်းဖြစ်သည်။ အစ္စရေးကမူ ထိုအခြေအနေကိုလက်မခံဘဲ ယင်းဒေသကိုဆက်လက်ပိတ်ဆို့ထားဆဲဖြစ်သည်။ **Ref: BP**

## ပြည်ထဲရေးဝန်ကြီးဌာန
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားကုမ္ပဏီ/လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| အုပ်စု | မြို့နယ် | လုပ်ငန်း |
|---|---|---|
| Lot .1 | ကျောက်တံတားမြို့နယ် | (၃၀'x၄၀')ရှိ (၂)ထပ်အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်း |
| Lot .2 | ကျောက်တံတားမြို့နယ် | တိုင်းဒေသကြီးရုံး အမှတ်(၁)အဆောက်အဦ အပေါ်ဆုံးထပ် ရုံးခန်း(၂)ခန်းပြုပြင်ခြင်း၊ အများသုံးသန့်စင်ခန်း(၄)ခန်းပြုပြင်ခြင်း၊ ဘေစင်(၅)ခုအသစ်တပ်ဆင်ခြင်း၊ ရေလိုင်း၊ လျှပ်စစ်မီးလိုင်းများအသစ်သွယ်တန်းတပ်ဆင်ခြင်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၁)အဆောက်အဦ ဒုတိယထပ်ရုံးခန်း(၆)ခန်း Lobby၊ Main Lobby မျက်နှာကြက်နှင့် ဘောနံရံများဆေးသုတ်ခြင်း၊ Beam Joint ဆက်များ ရေလုံရန် Water Proof ထည့်၍ပြုပြင်ခြင်း၊ ရုံးခန်း(၂)ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်း Topping ခွာခြင်းနှင့်လောင်းခြင်း၊ Water Proof သုတ်ခြင်း၊ Pressure Pump တပ်ဆင်ခြင်း၊ ရေလိုင်း/မီးလိုင်းများ အသစ်တပ်ဆင်ခြင်း၊ သန့်စင်ခန်း(၂)ခန်းပြုပြင်ခြင်း၊ ရုံးခန်း(၆)ခန်း Light Partation ကာရံခြင်း၊ ရုံးခန်း(၁၂)ခန်း Vinyl Floor ခင်းခြင်း၊ အများသုံးသန့်စင်ခန်း(၂)ခန်းပြုပြင်ခြင်းလုပ်ငန်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၂)အဆောက်အဦ ဒုတိယထပ်ရေချိုးခန်း၊ သန့်စင်ခန်းပြုပြင်ခြင်း၊ Pressure Pump တပ်ဆင်ခြင်း၊ Tank အသစ်လဲခြင်း |
| | | တိုင်းဒေသကြီးရုံး အမှတ်(၂)အဆောက်အဦ ပထမထပ်အဆောက်အဦ (၁+၂)ပေါင်းကူးလျှောက်လမ်းပြုလုပ်ခြင်းနှင့် အမိုးမိုးခြင်း၊ အစည်းအဝေးခန်းသုံး သန့်စင်ခန်း(၃)ခန်းပြုပြင်ခြင်း၊ ခန်းမရှိ စတိတ်ခုံပြုပြင်ခြင်း၊ စတိတ်ခုံ၏ မျက်နှာကြက်ဆေးသုတ်ခြင်း၊ ပြတင်းပေါက်(၁)ပေါက် ပြုပြင်ခြင်း၊ ရုံးခန်း(၁)ခန်းပြုပြင်ခြင်း၊ မျက်နှာကြက်ပြုပြင်ခြင်းလုပ်ငန်း |
| Lot .3 | ကျောက်တံတားမြို့နယ် | - Computer အစုံလိုက်(၅)စုံဝယ်ယူခြင်း(DELL i7, Ram 8 Gen SSD512)<br>- Printer(၅)လုံးဝယ်ယူခြင်း((B&W) Cannon LBP 2900)<br>- Copier(၂)လုံးဝယ်ယူခြင်း(Cannon iR 2425)<br>- (Split Type) Chigo inverter-type 2HP (၂)လုံးနှင့် 1.5HP Aricon (၆)လုံးဝယ်ယူခြင်းလုပ်ငန်း |
| Lot .4 | ကျောက်တံတားမြို့နယ် | - သံဘီဒို ၆ပေ ၃ပေ (၅)လုံးဝယ်ယူခြင်း<br>- ကြိတ်သားစားပွဲ (၄ပေ ၆လက်မ X ၂ပေ ၆လက်မ) ထိုင်ခုံ(၁၅)ခုံနှင့် ကွန်ပျူတာတင်စားပွဲ (၄ပေ x၂ ပေ)ကုလားထိုင်(၅)စုံဝယ်ယူခြင်း<br>- LEECO/MPZ မီးခံသေတ္တာ(ထိုင်ဝမ်) (၄ပေ/၅ပေ) (၁)လုံး ဝယ်ယူခြင်းလုပ်ငန်း |

၂။ (က) တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန် - ၁၂-၅-၂၀၂၅ ရက်(တနင်္လာနေ့)(၁၀:၀၀)အချိန်
(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၆၇/၆၉)၊ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး
(ဂ) တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန် - ၂၃-၅-၂၀၂၅ ရက်(သောကြာနေ့)(၁၆:၀၀)အချိန်
(ဃ) တင်ဒါပုံစံဖွင့်လှစ်မည့်နေရာ - အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး

၃။ အသေးစိတ်သိရှိလိုပါက အမှတ်(၆၇/၆၉)၊ ဆိပ်ကမ်းသာလမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ဖုန်း ၀၁-၃၈၀၃၅၃၊ ၀၁- ၂၅၆၀၃၂၊ ၀၁-၃၇၁၈၃၃ တို့သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါကြောင်းနှင့် တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်တို့ကို ထပ်မံ၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့် စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၉-၇၇၃၈၃၉၀၆၅၊ ၀၉-၅၁၃၆၇၀၂၊ ၀၉-၈၈၁၁၁၂၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-
(က) စတင်ရောင်းချမည့်ရက် - ၂၃-၅-၂၀၂၅ ရက်(သောကြာနေ့) နံနက် ၁၀:၃၀ နာရီ
(ခ) အိတ်ဖွင့်တင်ဒါပိတ်ရက် - ၂၀-၆-၂၀၂၅ ရက်(သောကြာနေ့) မွန်းလွဲ ၂:၀၀ နာရီ
(ဂ) ရောင်းချမည့်နေရာ - ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

**အတွင်းရေးမှူး**
**တင်ဒါကော်မတီ**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ကရင်ပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ လှိုင်းဘွဲ့မြို့နယ်တွင် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကွန်ကရစ်တံတား (၁)စင်းလုပ်ငန်း Lot(၁)ခုအား ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် - (၈-၅-၂၀၂၅)ရက်မှ(၂၁-၅-၂၀၂၅)ရက် (၀၉:၃၀) မှ (၁၆:၃၀)နာရီအထိ
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ဒါတင်သွင်းရမည့်နေ့ရက်/အချိန် - (၂၂-၅-၂၀၂၅)ရက်၊ (၁၆:၃၀)နာရီအထိ
(ဂ) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ - ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး (လှာကမြင်ကွက်သစ်၊ ဘားအံမြို့)
(ဃ) တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် - (၂၃-၅-၂၀၂၅)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီ
ဖွင့်လှစ်မည့်နေရာ - ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး (လှာကမြင်ကွက်သစ်၊ ဘားအံမြို့)

၂။ အသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လှာကမြင်ကွက်သစ်၊ ဘားအံမြို့၊ ဖုန်းနံပါတ်-၀၅၈-၈၉၀၄၀၀၂ နှင့် kyn.drd@drdmyanmar.net သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
မသီရိဇင်(ဘ)ဦးဝင်းဇော်လင်း ၁၂/မရက(နိုင်)၁၈၇၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၆၇၉၃၁၆

### ပျောက်ဆုံးကြောင်း
စောကျော်လင်း(ဘ)ဦးတင်မောင် ၃/ကကရ(နိုင်)၁၈၆၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 239288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
သန်လျင်မြို့၊ ဆိပ်ကြီးနေ ၉/နထက(နိုင်)၀၀၈၀၆၃ ကိုင်ဆောင်သူ ဦးမောင်ပို(ခ)ဦးပို မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်ပို(ခ)ဦးပို**

### ပျောက်ဆုံးကြောင်း
အောင်ကိုမြင့်(ဘ)ဦးလှမြင့် ၉/ကဆန(နိုင်)၁၂၇၂၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(391493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၆၀၈၉၂

### ပျောက်ဆုံးကြောင်း
မင်းသာရထက်(ဘ)ဦးမင်းညီညီထက်၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 160085)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၅၈၃၁၅၈

### ပျောက်ဆုံးကြောင်း
ဖြူဖြူဝင်း(ဘ)ဦးလှဝင်း ၁၂/သဃက(နိုင်)၁၁၀၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 917145)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၅၈၃၁၅၈

### ပျောက်ဆုံးကြောင်း
ဇော်ထွန်း(ဘ)ဦးဘီဒယာပါသီး ၇/တငန(နိုင်)၀၀၀၄၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
သက်ဝင်းအောင်(ဘ)ဦးစိုင်းရီ ၁၃/သပန(နိုင်)၁၀၇၄၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အောင်မျိုးကျော်(ဘ)ဦးစိုးငြိမ်း ၉/မခန(နိုင်)၂၅၉၇၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၂၆၆၈၂၃

### ပျောက်ဆုံးကြောင်း
မြတ်သူ(ဘ)ဦးမင်းဇော် ၁၂/သဃက(နိုင်)၁၇၉၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၇၈၇၇၁၀၀

### ပျောက်ဆုံးကြောင်း
သက်ပိုင်ဦး(ဘ)ဦးအောင်ဆန်း ၁၂/ရကန(နိုင်)၀၇၆၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၈၂၀၂၃၁

### ပျောက်ဆုံးကြောင်း
နွယ်နွယ်ထွန်း(ဘ)ဦးကျော်စိန်ထွန်း ၁၂/အစန(နိုင်)၁၈၆၇၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၈၂၃၃၄၈၁

### ပျောက်ဆုံးကြောင်း
ဝင်းစိုး(ဘ)ဦးအုန်းသောင် ၉/ရမသ(နိုင်)၁၇၉၉၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 461496)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

## အားကစားမြှင့်တင် စိတ်လန်းရွှင်
## ဆန့်ကျင်မူးယစ်ဆေး

### ပျောက်ဆုံးကြောင်း
ဇင်မင်း(ခ)မော်ဂန်(ဘ)ဦးနာရာချာပုလဲ ၁၀/မလမ(နိုင်)၁၆၇၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အိအိဖြိုး(ဘ)ဦးအောင်မင်းညွှန့် ၁၂/မရက(နိုင်)၁၅၁၉၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
နော်ဖောလောအယ်(ဘ)ဦးစောပလယ်ထူး ၁၄/ကကထ(နိုင်)၂၂၅၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 769962)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၀၂၇၂၁၉

### ပျောက်ဆုံးကြောင်း
ထက်ဝေယံ(ဘ)ဦးသောင်းဝင်းထူး ၁၂/ကမန(နိုင်)၁၂၆၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 982485)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၆၃၇၈၂၈၅

### ပျောက်ဆုံးကြောင်း
ကျော်စိုးထက်(ဘ)ဦးသင်ဇော်မိုး ၁၂/တမန(နိုင်)၁၁၈၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၄၀၆၂၇၇

### ပျောက်ဆုံးကြောင်း
ချစ်ချစ်ဇော်(ဘ)စိုင်းစောနောင် ၇/တငန(နိုင်)၂၆၀၉၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 727385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
တာချီလိတ်မြို့၊ မကာအိုခမ်း၊ ယာမြေကုန်းရပ်ကွက်နေ အဘ ဦးခိုင်ဝင်း အမိ ဒေါ်မေသက်နွယ်တို့၏သား မောင်သက်နိုင်ဝင်း ၁၃/တခလ(နိုင်)၁၀၈၅၂၇ သည် မိဘဆုံးမပြောဆိုမှုများကို မနာခံပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဦးခိုင်ဝင်း+ဒေါ်မေသက်နွယ်**

### ပျောက်ဆုံးကြောင်း
ရှောဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ဆန်တန်းရပ်ကွက်၊ သဇင်လမ်းနေ မောင်မြင့်ဝေ(ဘ)ဦးသိန်းကြွယ် ၁၄/ဇလန(နိုင်)၀၁၁၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### ပျောက်ဆုံးကြောင်း
စိုးတင်(ဘ)ဦးတင်မြ ၉/ပဘန(နိုင်)၁၈၄၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးညီမောင် ၉/လဝန(နိုင်)၂၇၅၃၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကိုဝင်းကျော်ဦး(ဘ)ဦးကျော် ၅/တဆန(နိုင်)၁၄၇၁၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(HM 884712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၀၀၈၁

### ပျောက်ဆုံးကြောင်း
တင်ဇာဦး(ဘ)ဦးတင်ဦး ၁၂/မရက(နိုင်)၀၃၇၉၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၆၅၂၉၃၃

### ပျောက်ဆုံးကြောင်း
မဇင်မွန်ယဉ်(ဘ)ဦးချို ၁၂/အစန(နိုင်)၁၇၁၅၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၈၁၁၀၈

### ပျောက်ဆုံးကြောင်း
ဥမ္မာဦး(ဘ)ဦးသန်းလွင် ၁၂/မရက(နိုင်)၀၁၈၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 609202)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၆၇၁၄၇၃

### ပျောက်ဆုံးကြောင်း
ထက်ထက်သိန်းလှိုင်(ဘ)ဦးသိန်းလှိုင် ၁၂/မဂဒ(နိုင်)၁၇၃၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၅၅၂၈၆၆၈

### ပျောက်ဆုံးကြောင်း
အောင်ခန့်သူ(ဘ)ဦးအောင်ဇော် ၁၂/မဂတ(နိုင်)၀၈၃၄၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 315757)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၇၁၃၉၉၈

### ပျောက်ဆုံးကြောင်း
ထွန်းတင်(ဘ)ဦးချစ်ဆွေ ၁၁/ကဖန(နိုင်)၀၀၃၅၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၈၂၄၆၃၈၈

### ပျောက်ဆုံးကြောင်း
မျိုးမင်းဝင်း(ဘ)ဦးစိန်ထွန်း ၁၂/သလန(နိုင်)၀၉၂၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နန့်ဂျူလီယာ(ဘ)ဦးဂျူးမောင် ၁၄/ကပန(နိုင်)၂၀၇၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်မောင်(ဘ)ဦးတင်လှ ၁၂/ဒပန(နိုင်)၀၄၁၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၀၀၁၁၁

**ပျောက်ဆုံးကြောင်း**
နေမင်းသူရ(ဘ)ဦးစိုးရ ၁၂/ကမတ(နိုင်)၀၈၂၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MU 146033)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြသူဇာအေး(ဘ)ဦးကျော်ကျော် ၁၄/ဝခမ(နိုင်)၂၁၇၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁




**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**အမည်ပြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပုပ္ပားကုန်းရပ်ကွက်၊ ကံကော်လမ်း၊ အိမ်အမှတ်(၅၇)နေ အဘ ဦးထွန်းထွန်း ၅/ဘတလ(နိုင်)၀၅၃၉၀၃ ၏သမီး မကြယ်စင်ချိုအား မစန္ဒာထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မစန္ဒာထွန်း

**ပျောက်ဆုံးကြောင်း**
ရဲမင်းသူ(ဘ)ဦးစိုးလွင် ၁၂/ဥကမ(နိုင်) ၁၉၇၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 041278)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၃၅၄၄၇၁၁

**ပျောက်ဆုံးကြောင်း**
ကျော်မင်းဦး(ဘ)ဦးစိန်ဝင်း ၁၂/စခန(နိုင်) ၀၄၂၈၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 020449)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၂၃၀၂

**ပျောက်ဆုံးကြောင်း**
မိုးမိုး(ဘ)ဦးမောင်ဦး ၉/လဝန(နိုင်)၂၀၈၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 102739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၃၃၅၁၈

**ပျောက်ဆုံးကြောင်း**
အာကာထက်(ဘ)ဦးတင်မြင့်ဝင်း ၇/ဖမန(နိုင်)၁၆၀၉၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၇၅၅၀၀၃

**ပျောက်ဆုံးကြောင်း**
ကျော်ထက်နိုင်(ဘ)ဦးဇော်မြင့်ထွေး ၁၂/လမန(နိုင်)၁၇၀၀၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 852184)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်သိန်းဌေး(ဘ)ဦးမောင်စန်း ၁၀/ဘလန(နိုင်)၀၇၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
ကျိန်မန်းလွန်(ဘ)ဦးဒိုခန့်မန် ၁၂/လသယ(နိုင်)၀၃၀၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စအိုင်ဖန်း(ဘ)မန်းဂျမ်း ၁၄/မမန(နိုင်)၂၀၃၆၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ရင်မောင်(ဘ)ဦးရဲမောင် ၉/ရမသ(နိုင်)၁၇၉၇၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 461232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

# မန္တလေးလျှော်ကြီးကြောင့်ထိခိုက်ခဲ့သည့် မိတ္ထီလာ(တောင်ကန်) ကန်ပတ်လမ်းတည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ညနေပိုင်းက မန္တလေးလျှော်ကြီးကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့သည့် မိတ္ထီလာ(တောင်ကန်)ကန်ပေါင်အား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် လမ်းဦးစီးဌာနက လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးလျှော်ကြီးကြောင့်ထိခိုက်ခဲ့သည့်မိတ္ထီလာ(တောင်ကန်) ကန်ပေါင်ပြုပြင်ခြင်းလုပ်ငန်းကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ရာ တာပိုးပြုပြင်သည့် မြေကြီးလုပ်ငန်းများပြီးစီးပြီဖြစ်ကာ ကန်ပတ်လမ်း တည်ဆောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့နယ် ဥယျာဉ်တောကျေးရွာ တောင်သူစိုက်ကွင်း၌ နှမ်းသီးနှံမျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆင်းရတနာ-၃၊ နှမ်းနက် (TBL-BS7)၊ နှမ်းဖြူ (TBL S-1)၊ မကွေး-၁/၁၃ ၊ ဆင်းရတနာ-၁၄ နှမ်းမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် ဒေသရေမြေနှင့်ကိုက်ညီပြီး တောင်သူကြိုက်နှမ်းမျိုးများ ရွေးချယ်ဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးတာဝန်ခံများအနေဖြင့် တောင်သူများအားကွင်းဆင်းကြပ်မတ်တိုက်တွန်းသွားရန်၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး အထောက်အကူပြုစေမည့် သီးနှံအထွက်နှင့် ဆီအထွက်နှုန်းကောင်းမွန်သည့် နှမ်းသီးနှံမျိုးကောင်းမျိုးသန့်များကို တောင်သူစီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်နိုင်ရေး စီမံဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် မေ ၈

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပြည်သူ့အင်အားဒီမိုကရေစီပါတီ [People Power For Democracy Party (PPD)]** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၆ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၆ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

**၈-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၁၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ထူးခြားသည့် နေ့အပူချိန်များ

၈-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၄၁ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၀ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ပြည်တွင်းပြည်ပအလှူရှင်များက ငွေနှင့်အလှူပစ္စည်းများထောက်ပံ့လှူဒါန်း

နေပြည်တော် မေ ၈

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေလ ၈ ရက်အထိ သေဆုံးသူ ၃၇၉၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိအသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၇ ရက် ညနေ ၅ နာရီမှ မေလ ၈ ရက် ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးမှတစ်ဆင့် Lotus Charity Society ကထောက်ပံ့သည့်ခေါက်ဆွဲခြောက် (အလေးချိန် သုည ဒသမ ၄ တန်)၊ တရုတ်(တိုင်ပေ) အခြေစိုက်ဗုဒ္ဓဘာသာကျူချီ ပရဟိတဖောင်ဒေးရှင်းက ထောက်ပံ့သည့်ခြင်ထောင်နှင့်အသင့်စားထမင်းဘူး (အလေးချိန် သုည ဒသမ ၉၄ တန်)နှင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE မှလှူဒါန်းသော ခေါက်ဆွဲခြောက်၊ အဝတ်အထည်များပါဝင်သော ကတ်ထူပုံး ၅၁ ပုံး (အလေးချိန် သုည ဒသမ ၄၉၄ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်းဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ

- ❖ **ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်. . .**
- ❖ **“ပညာတတ်” နိုင်ငံသားများဆိုသည်မှာ “အရည်အချင်း” ကိုဆိုလိုပြီး “အများဆုံး” ရှိသည်ဆိုသည်မှာ “အရေအတွက်”ကိုဆိုလို . . .**
- ❖ **မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့်နိုင်ငံဖြစ်လာရန် လိုအပ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym-Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym–Jomart Tokayev နှင့် တွေ့ဆုံဆွေးနွေးစဉ်။

**နေပြည်တော် မေ ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့တက်ရောက်ရန်အတွက် မော်စကိုမြို့သို့ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေပိုင်းတွင် ကာဇက်စတန်နိုင်ငံသမ္မတ H.E.Mr. Kassym–Jomart Tokayev နှင့် Ritz Carlton ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ ★**

